# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၁၃)၊ ၁၃၈၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၉-၇-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

**ယနေ့ ဖတ်စရာ အညွှန်း**

'သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး

ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခပ်၊ လောင်း၊ ထောင်၊ မြှုပ်၊ ဖွင့်၊ ရှင်း၊ မှုတ်'ဖြင့် သွေးလွန်တုပ်ကွေးကို ကာကွယ်ကြပါစို့

(ဆောင်းပါး)

စာမျက်နှာ ၁၄

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတကာဖိုရမ်တက်ရောက်ခဲ့မှုကို မှတ်တမ်းတင်ခြင်း၊ အခမဲ့မြေလွှဲပြောင်းပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်း အမှုထမ်းများအား ကုန်းကြောင်း၊

စာမျက်နှာ ၄ သို့ *



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပစဉ်။

## ရထားစီးခရီးသည်များ သန့်ရှင်းရေးနှင့် စည်းကမ်းအလေးထား လိုက်နာရေး မြန်မာ့မီးရထားအသိပေး

ရန်ကုန် ဇူလိုင် ၈

ရထားစီးခရီးသည်များအနေဖြင့် ရထားပေါ်တွင် သန့်ရှင်းရေးနှင့် စည်းကမ်းကို အလေးထားလိုက်နာပေးကြရန် မြန်မာ့မီးရထားက မေတ္တာရပ်ခံအသိပေးထားကြောင်း သိရသည်။

ပြည်သူများ သက်သောင့်သက်သာ ဘေးကင်းလုံခြုံပြီး ဈေးနှုန်းသင့်တင့်စွာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားက အဆင့်မြင့်ရထားတွဲဆိုင်းအသစ်များဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိကြောင်း၊ သို့ရာတွင် စည်းကမ်းလိုက်နာခြင်းမရှိသည့် ခရီးသည်တချို့ကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်နှင့် ကြုံတွေ့ရမှုများလည်းရှိကြောင်း ခရီးသည်များက မှတ်ချက်ပြုထားကြသည်။

ခရီးစဉ်တစ်လျှောက် သန့်ရှင်း၊ သပ်ရပ်ပြီး အခြားခရီးသည်များအတွက် အနှောင့်အယှက် မဖြစ်စေရန်နှင့် ရထားအတွင်း သန့်ရှင်းမှုကို ထိန်းသိမ်းရန် ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ပေးပါရန်၊ ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်း မပြုပါရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာအသုံးပြုနိုင်ရန် ထိုင်ခုံများကို စနစ်တကျအသုံးပြုပေးပါရန်လည်း ပါရှိသည်။ အလားတူ ဆူညံသံဖြင့် အနှောင့်အယှက် မဖြစ်စေရန် ဖုန်းပြောဆိုခြင်း၊ သီချင်းဖွင့်ခြင်းနှင့် စကားပြောဆိုခြင်းများကို အခြားသူများ မထိခိုက်စေရန် ထိန်းသိမ်းပေးပါရန်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပေးပါရန်၊ အမှိုက်များကို ရထားအတွင်း မချဘဲ သတ်မှတ်ထားသော နေရာများတွင်သာ စွန့်ပစ်ပေး၍ သန့်ရှင်းသောခရီးစဉ် လေးဖြစ်စေရန် အားလုံးပူးပေါင်းပါဝင်ကြရန် မြန်မာ့မီးရထားက အသိပေးထားသည်။

ထိုကဲ့သို့ မြန်မာ့မီးရထားမှ စည်းကမ်းချက်များ ထုတ်ပြန်လိုက်သည့်အပေါ် "စည်းကမ်းလိုက်နာခြင်း ရှိ/မရှိ ထိရောက်စွာစောင့်ကြည့်စည်းကြပ်သင့်ပါတယ်"၊ "ဒဏ်ငွေနဲ့လုပ်တာက ပိုပြီးထိရောက်မှုရှိလိမ့်မယ်"၊ "ရှောင်တခင် ဝင်ဝင်စစ်ပေးပါ၊ ပြီးရင် ရထားပေါ် အသိပေးပေးပါ"ဟူ၍လည်း ခရီးသည်များက မှတ်ချက်ပြုထားကြသည်။

MT





**ရထားစီးခရီးသည်များ သန့်ရှင်းရေးနှင့် စည်းကမ်းကို အလေးထားလိုက်နာပေးကြရန် မြန်မာ့မီးရထားက ရုပ်ပုံကားချပ်ဖြင့် အသိပေးထားစဉ်။**

## ဇူလိုင် ၉ ရက်မှ ၁၆ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၈

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၉ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၃ သို့ ●



၉-၇-၂၀၂၅ ရက်နေ့မှ ၁၀-၇-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၈

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပါသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ ကြာသပတေးနေ့။
မန္တလေး

# သုတေသနပြုခြင်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုလည်းလိုအပ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန်ယူဆောင်ရွက်သည်မှာ သုံးလတာကာလအတွင်းသို့ ရောက်ရှိလာပြီးဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဖွဲ့စည်းထားသည့် ကော်မတီများ၊ ကော်မရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများတိုးတက်မှုအခြေအနေများကို လစဉ်ဆန်းစစ်သုံးသပ်ဆောင်ရွက်နေရန်လိုကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးပြီး မိမိတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကုန်ဈေးနှုန်းများကြီးမြင့်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာလည်း ရောင်းလိုအားနှင့် ဝယ်လိုအားများမမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်းများကြောင့်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ ပြောကြားသည်။ ထုတ်ကုန်ပစ္စည်းများ တိုးတက်များပြားလာမှသာ ပို့ကုန်ပစ္စည်းများရရှိပြီး ထိုမှတစ်ဆင့်ရရှိသည့် နိုင်ငံခြားငွေများဖြင့် သွင်းကုန်များကို တင်သွင်းနိုင်မည်ဖြစ်သည်။ နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် ကုန်ထုတ်လုပ်မှုစရိတ် ကြီးမြင့်ရခြင်းသည်လည်း ငွေကြေးတန်ဖိုး ပြောင်းလဲမှုများကြောင့်ဖြစ်သည့် အကျိုးဆက်များကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်မားစေရေးအတွက် ဆောင်ရွက်ရန်မဖြစ်မနေလိုအပ်ကြောင်း၊ နိုင်ငံ၏ဝင်ငွေနှင့် ထွက်ငွေများမျှတနေမှသာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ မြင့်မားလာစေရေး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပို့ကုန်များအရေအတွက်များများ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း စိုက်ပျိုးရေးပို့ကုန်များ ပြည်ပသို့တင်ပို့နိုင်မှု လျော့နည်းခဲ့ကြောင်း၊ အဓိကသီးနှံဖြစ်သည့် ဆန်တင်ပို့မှုလျော့နည်းခဲ့သကဲ့သို့ အခြားစိုက်ပျိုးသီးနှံအချို့တင်ပို့နိုင်မှုလျော့နည်းခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးပို့ကုန်များအရေအတွက်များများထုတ်လုပ်တင်ပို့နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရန်နှင့် မိမိတို့နိုင်ငံ၏အဓိကပို့ကုန်သီးနှံဖြစ်သည့် ဆန်တင်ပို့မှုကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်းပြောကြားသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်းတိုးတက်အောင် သုတေသနပြုလုပ်ရန်လိုအပ်သကဲ့သို့ ထုတ်လုပ်သည်မှ ပြည်တွင်း၊ ပြည်ပ ဈေးကွက်လိုအပ်ချက်များအထိ (Supply Chain)တစ်ခုလုံးကို သုတေသနပြု ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ သုတေသနပြုခြင်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ရာ သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတွင် အလုပ်အကိုင်ရှာဖွေနေသူများအတွက် DENKO JOB FAIR ကျင်းပမည်

**မန္တလေး ဇူလိုင် ၈**

အလုပ်အကိုင်ရှာဖွေနေသူများနှင့် လုပ်ငန်းရှင်များကို တိုက်ရိုက်ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်သည့် DENKO JOB FAIR ကို မန္တလေးမြို့၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက အသိပေးထားသည်။

DENKO က စီစဉ်ကျင်းပမည့် အလုပ်အကိုင်ပြပွဲ (DENKO JOB FAIR)ကို ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ Denko ၇၈လမ်း ဆိုင်ခွဲ (မန္တလေး မဟာအောင်မြေမြို့နယ် ခင်စောမူကွေ့)တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အလုပ်အကိုင်ပြပွဲကို မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်ရှိ DENKO ဆီဆိုင်တွင် ကျင်းပမည်ဖြစ်ပြီး အလုပ်အကိုင်ရှာဖွေနေသူများအတွက် အလုပ်လျှောက်ထားနိုင်သည့် အခွင့်အလမ်းများ၊ ကုမ္ပဏီနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်မည့် အစီအစဉ်များကို စီစဉ်ထားကြောင်း သိရသည်။

ပွဲသို့ အလုပ်လျှောက်ထားလိုသူများအနေဖြင့် လိုအပ်သော ကိုယ်ရေးအကျဉ်း (CV)နှင့် သက်ဆိုင်ရာ အထောက်အထားများကို ယူဆောင်လာရန်လည်း အသိပေးထားသည်။

DENKO JOB FAIR သည် မန္တလေးဒေသရှိ အလုပ်အကိုင်ရှာဖွေနေသူများနှင့် လုပ်သားလိုအပ်နေသည့် လုပ်ငန်းရှင်များအကြား ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်ကျင်းပသည့် အလုပ်အကိုင်ပြပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

၀-၀-၀-၀-၀

# ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ သုည ဒသမ ၁ ပေခန့် စတင်ရေကျော်ကျလျက်ရှိ

**ပွင့်ဖြူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်း ယခုရက်ပိုင်း မုန်တိုင်းအရှိန်ကြောင့် နေ့စဉ်မိုးရွာသွန်းလျက်ရှိသဖြင့် ကြီးအုံကြီးဝတမံအတွင်းသို့ မိုးရေများဝင်ရောက်ခဲ့ရာ ဇူလိုင် ၈ ရက်၊ မွန်းတည့် ၁၂ နာရီအချိန် တိုင်းထွာရာတွင် တမံရေပိုလွှဲမှ သုည ဒသမ ၁ ပေ စတင်ရေကျော်ကျလျက်ရှိကြောင်း အဆိုပါ တမံရေကင်းတာဝန်ရှိသူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုရက်ပိုင်း နေ့စဉ်မိုးရွာသွန်းခဲ့သဖြင့် ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုများ တိုးလာခဲ့ပြီး တမံရေပြည့်အမှတ်ဖြစ်သည့် ၃၄၀ ပေ အထက် တမံရေပိုလွှဲမှ သုည ဒသမ ၁ ပေခန့် စတင်ရေကျော်ကျလျက်ရှိပြီး ထိုသို့ တမံရေပိုလွှဲမှ ရေကျော်ကျမှုရှိသော်လည်း စိုးရိမ်ဖွယ်ရာအခြေအနေမရှိကြောင်းနှင့် တမံနှင့်ဆက်စပ် အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုအခြေအနေနှင့် တမံရေပိုလွှဲမှ ရေကျော်မှုအခြေအနေများကို တမံရေကင်းတာဝန်ရှိသူများက ၂၄ နာရီ စောင့်ကြပ်စစ်ဆေးပြီး ပြည်သူများကို အချိန်နဲ့တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၄၅)

## ၈ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် Portable မီးပွိုင့်များကို ကျောင်းသွား၊ အလုပ်သွားများသည့်လမ်းတွင် ချထားဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနသည် လမ်းအသုံးပြုသည့် ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ် ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်အသွားအလာများပြီး မီးပွိုင့်မရှိသေးသောနေရာများတွင် Portable မီးပွိုင့်များကို ကျောင်းသွား၊ အလုပ်သွားများသည့်လမ်းတွင် ချထားဆောင်ရွက်ပေးလျက်ရှိကြောင်း အဆောက်အအုံနှင့် ကုန်ရုံဌာန အငယ်တန်းအင်ဂျင်နီယာ ဒေါ်ခိုင်သဇင်သန့် (မြို့နယ်တာဝန်ခံ)က ပြောကြားသည်။

Portable မီးပွိုင့်ကို ကျောင်းသွား၊ ရုံး၊ အလုပ်သွားများသည့် နေရာတစ်ခုဖြစ်သော ချမ်းမြသာစည်မြို့နယ် ၁၀၇ လမ်း နှင့်လမ်း၆၀ လမ်းဆုံနေရာတွင် ကျောင်းသွားချိန်၊ အလုပ်သွားချိန် ယာဉ်အသွားအလာများသည့် နံနက် ၇ နာရီခွဲမှ စတင် ချထားခြင်းကို ကျောင်းဖွင့်ကာလဖြစ်သည့် ဇွန်လဆန်းပိုင်းမှ စတင်ချထားဆောင်ရွက်လျက်ရှိပြီး ကျောင်းဆင်းပြီးချိန်၊ အလုပ်ဆင်းချိန် ယာဉ်အသွားအလာကျဲသွားသည့် ည ၇ နာရီခွဲတွင် သိမ်းဆည်းဆောင်ရွက်လျက်ရှိသည်။ ကျောင်းသွား၊ ရုံးသွား၊ အလုပ်သွား၊ ဈေးသွားချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခြင်းကြောင့် အများပြည်သူခံစားနေရသည့် စိတ်ဖိစီးမှု၊ အချိန်ကုန်မှုများကို ဖြေရှင်းပေးနိုင်ရန် ကော်မတီက ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

Portable မီးပွိုင့်သည် ရွှေ့လျားမီးပွိုင့်ဖြစ်ပြီး ရွှေ့ပြောင်းရလွယ်ကူသည့်မီးပွိုင့်တစ်ခုဖြစ်ကာ Solar System သုံး Battery Backup ဖြင့်ချိတ်ဆက်ကာ ဝါ၊ စိမ်း၊ နီ ပြောင်းလဲရန် Controller စနစ်ထည့်သွင်း အသုံးပြုထားပြီး အများပြည်သူဘေးကင်းရန်နှင့် ရှင်းလင်းပြတ်သားစွာ မြင်နိုင်စေရန် Hight Brightness ထည့်သွင်းဆောင်ရွက်ထားသော Portable မီးပွိုင့်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် (၅)စုံ စမ်းသပ်အသုံးပြုဆောင်ရွက်ကာ မီးပွိုင့်မီးပျက်သည့်အချိန် ယာဉ်ကြောပိတ်စို့မှု မရှိစေရေး ချထားဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၂၀၃၅၈၃၈
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပညာရေးမြှင့်တင်မှုကော်မတီဝင်များနှင့်တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၈

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-13)ရှိ ပညာရေးမြှင့်တင်မှု ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်က ကော်မတီ၏လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် အစီအမံများကို ရှင်းလင်းတင်ပြသည်။


ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီအနေဖြင့် ကော်မတီ၏ ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာ ရည်မှန်းချက်များအား အသေးစိတ် ပြင်ဆင်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့လွှတ်တော်၏ လုပ်ငန်းစဉ်များသည် ကျယ်ပြန့်သဖြင့် ကော်မတီများအနေဖြင့် လွှတ်တော်ကို အထောက်အကူပြုနိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကော်မတီများသည် လွှတ်တော်၏ ဒေါက်တိုင်များဖြစ်၍ လွှတ်တော်၏ရည်မှန်းချက်တာဝန်များ အောင်မြင်ခြင်း၊ တိုးတက်ခြင်းသည် ကော်မတီများအပေါ်တွင် မူတည်လျက်ရှိပါကြောင်း၊ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးစနစ် အုတ်မြစ်ခိုင်မာစေအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တည်ဆဲ ဥပဒေများအနက် ပညာရေးမြှင့်တင်မှုကော်မတီနှင့် သက်ဆိုင်သည့်ဥပဒေ ၉ ခုရှိပြီး ကော်မတီအနေဖြင့် အဆိုပါဥပဒေများပြင်ဆင်နိုင်ရေး ပြန်လည်သုံးသပ်ပြီး ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေများအနက် ၂၀၁၄ ခုနှစ်၊ အမျိုးသားပညာရေးဥပဒေကို ဦးစားပေးပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်အောင် အလေးထား လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းပြင်ပ ပညာရေးနှင့် ကင်းကွာနေသူများကိုလည်း ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် School Survey များ ကောက်ယူနိုင်ရေး လွှတ်တော်အနေဖြင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်းအပြင် ပညာရေးနှင့်လုပ်ငန်းခွင် ဆက်စပ်မှုဖြစ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training - TVET)များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

တိုင်းရင်းသား ဘာသာစကားများကို အခြေခံပညာရေးမှ အစပြု၍ ထည့်သွင်းသင်ကြားစေခြင်းဖြင့် တိုင်းရင်းသားများအကြား ချစ်ကြည်ရင်းနှီးမှု ရရှိကာ ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမည့် စနစ်တစ်ခုကို ဖော်ဆောင်ရန် စဉ်းစားသင့်ပါကြောင်း၊ ဤကော်မတီအနေဖြင့် ဆရာ ဆရာမများ၏ ခံစားခွင့်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကျောင်းတွင်းအကြမ်းဖက်မှုများနှင့်ပတ်သက်၍ လည်းကောင်း အားလုံးလွှမ်းခြုံနိုင်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေသည်ကိုသိရ၍ ဝမ်းသာပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် ပညာရေးအခန်းကဏ္ဍ အရွေ့တစ်ခုသို့ ရောက်အောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါကြောင်း၊ ပညာရေးမြှင့်တင်မှု ကော်မတီအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်အပေါ် သုံးသပ်၍ အသိမ်မွေ့ဆုံး နည်းလမ်းများဖြင့် အကောင်းဆုံးဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

သတင်းစဉ်



၁၁-၇-၂၀၂၆ ရက်နေ့မှ ၁၆-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

● ဇူလိုင် ၉ ရက်မှ

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မန္တလေး ဇူလိုင် ၈

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး အသင်း(ဗဟို)(AEDA-Mdy) တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်စုကြည်က အဖွင့်အမှာစကားပြောကြားပြီး အသင်း၏ ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးမြင့်သန်းက အရက်၊ ကွမ်း၊ ဆေးဥပဒ်ပေး၊ တွဲဖက်အတွင်းရေးမှူးဦးသန့်ဇင်ဦးက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းတို့ကိုလည်းကောင်း ဟောပြောခဲ့ပြီး အမှုဆောင် ဒေါ်သင်းသင်းဦးက ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

# ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြစ်သား ဇူလိုင် ၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဝန်းကျင်သာယာစိမ်းလန်းစိုပြည်စေရေးအတွက် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက မြစ်သားမြို့နယ်၊ ကင်းစိန်ဈေးကျေးရွာအုပ်စု၊ ကင်းစိန်(ရှေ)ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် ဝန်ထမ်းများ၊ ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြပြီး ကျေးရွာဝန်းကျင်သာယာစိမ်းလန်းစိုပြည်စေရန် အလှပန်းပင်မျိုးစုံ အပင် ၅၀၊ တပေဘူတပင် ၅၀၊ စုစုပေါင်း အပင် ၁၀၀ ကို ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀-၀

၀-၀-၀

# ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အစည်းအဝေးကျင်းပ

လင်းခေး ဇူလိုင် ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲက လင်းခေးမြို့ နွယ်ဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနေခြည်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြဝင်းက အသင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ အသင်းဒုတိယဥက္ကဋ္ဌ ဦးချိုနိုင်က ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးလက်ကျန်ရှင်းတမ်းဖတ်ကြားခြင်း၊ အသင်းသားများက အကြံပြုဆွေးနွေးတင်ပြခြင်း၊ ဆွေးနွေးတင်ပြချက်များအပေါ် အမှုဆောင်အဖွဲ့မှ ပြန်လည်ရှင်းလင်းခြင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးရှင်းတမ်းများအား အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေနုတ်မြောင်းများသည် အမှိုက်ပစ်ရန်နေရာမဟုတ်ပါ။

# တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ် ၁/၂၀၂၆ ကျင်းပပြုလုပ်

**နေပြည်တော် ဇူလိုင် ၈**

တရားလွှတ်တော် ရှေ့နေများကောင်စီ အစည်းအဝေးအမှတ်စဉ် ၁/၂၀၂၆ ကို နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၊ Cluster – 1, Bluding (6)ရှိ တရားလွှတ်တော်ရှေ့နေများကောင်စီရုံး၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။




အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် အထက်တန်းရှေ့နေ ၁၆၄ ဦးအား တရားလွှတ်တော်ရှေ့နေများကောင်စီက ကန့်ကွက်ရန် ရှိ/မရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေ ၁၃ ဦးအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၀ (၁) အရ ထိုက်သင့်သည့် အရေးယူမှုပြုလုပ်ရန် သင့်/ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေတစ်ဦးက ဘဏ်ရှေ့နေခန့်ထားနိုင်ရေး အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံပေးနိုင်ပါရန် လျှောက်ထားသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် လစ်လပ်လျက်ရှိသည့် အဖွဲ့ဝင်နှစ်ဦးနေရာနှင့် ဒုတိယဥက္ကဋ္ဌနေရာတို့အတွက် ဆွေးနွေးဆုံးဖြတ်သည့်ကိစ္စ၊ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ ၁ (ခ)၊ နည်းဥပဒေ ၈ နှင့် နည်းဥပဒေ ၁၅ တို့ကို ပြင်ဆင်နိုင်ရေးနှင့် နည်းဥပဒေ ၁ (ဂ) ၏ နောက်တွင် နည်းဥပဒေ ၁ (ဃ) ကို ဖြည့်စွက်ရန်ကိစ္စ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲပြောင်းပေးပို့ခဲ့သည့် တိုင်ကြားစာများအား မှတ်တမ်းတင်ရန်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်းကို ပြင်းထန်စွာသတိပေးခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းကိစ္စရပ်များ အမိန့်မိတ္တူများနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ရန်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး ဦးဆောင်၍ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

* စာမျက်နှာ ၄ မှ

ငါး၊ ပုစွန်၊ ကဏန်း မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထုတ်လုပ်မှုတိုးတက်စေရေးဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ဈေးကွက်အသစ်များရှာဖွေခြင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ခြင်း၊ သွင်းကုန်အစားထိုး လုပ်ငန်းများကို အားပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို ဦးစားပေးထုတ်လုပ်ခြင်း၊ စီးပွားရေး ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်လျက်ရှိသည့် စက်ရုံ ၁၁ ရုံရှိပြီး တန်ဖိုးမြှင့်ထုတ်ကုန် ၁၃ မျိုးအား နိုင်ငံတကာဈေးကွက်သို့ ထုတ်လုပ်တင်ပို့လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ တန်ဖိုးမြှင့်ထုတ်ကုန်များ အပါအဝင် ရေထွက်ကုန်ပစ္စည်းများအား အီးယူနိုင်ငံများ၊ ပင်လယ်ကွေ့ဒေသနိုင်ငံများ၊ တရုတ်၊ ထိုင်း၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်သို့ တင်ပို့လျက်ရှိပါကြောင်း။

ငါးမွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မည့် ဇရိယာများအတွက် လိုအပ်သည့် သွင်းအားစုများရရှိနိုင်ရေးအတွက် ဒေသအတွင်းမှာ ရရှိနိုင်သည့် အစာကုန်ကြမ်းများ အသုံးပြုမွေးမြူထုတ်လုပ်နိုင်ရေး နည်းပညာပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံလိုသူများ ရရှိနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ မွေးမြူရေးမြေနေရာ လိုအပ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မွေးမြူရေးဇုန်များ ဖော်ဆောင်နိုင်ရေးဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ငါး၊ ပုစွန်မွေးကန်များ တိုးချဲ့မွေးမြူနိုင်ခြင်းဖြင့် ဒေသတွင်း ငါးရိက္ခာဖူလုံစေမည့်အပြင် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းဖြင့် ဝင်ငွေများ ပိုမိုရရှိစေနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **“အခွန်စနစ်နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ My Myanmar အမည်တပ် ဘားကုတ်စနစ်သုံး ဒီဂျစ်တယ်(အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက် ကောက်ခံသင့်ကြောင်း၊ ခေတ်မီအလိုအလျောက် ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်းတင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်ပုံ၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာ အသုံးပြုနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အကြံပြုအဆို”** ကို တင်သွင်းရာ ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင်(ခ) နေရှိုင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

---

## ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နောင်မွန်း ဇူလိုင် ၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇူလိုင် ၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ထန်ထုကျေးရွာ၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ရက် နံနက်ပိုင်းက ထန်ထုကျေးရွာ အ·မ·က မူလွန်ကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နောင်မွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က စိုက်ပျိုးမည့်သစ်ပင်များကို ဌာနဆိုင်ရာများနှင့် ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်သည်။



ထို့နောက် နောင်မွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင် ဦးဆောင်သောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်း ၅၀ ဦးတို့က သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသများ ရရှိစေရန်အတွက် ရှောက်ပန်းပင် ၄၀၊ ခရာဝါပင် ၄၀၊ စုစုပေါင်း အပင် ၈၀ ကို စိုက်ပျိုးပေးခဲ့ ကြောင်း သိရသည်။ **(ဝဲပုံ)အောင်ရဲကျော်**

---

## (၁၃၂)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး ဇူလိုင် ၈**

ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာနေ ဦးမြင့်လွင် (လူမှုထူးချွန်ပထမဆင့်)၊ (ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာ)အလှူရှင်သည် ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ ဇီဝိတဒါနအဖြစ် (၁၃၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ယာပုံ) (ဝ၄ဝ)**



---

## ပန်းတင်ရေနုတ်မြောင်း သဲနုန်းတူးဖော်ခြင်းနှင့် ဆည်နယ်နိမိတ်တိုင် စိုက်ထူခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပုသိမ်ကြီး ဇူလိုင် ၈**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်သော ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မန္တလေး-ပုသိမ်ကြီး ကားလမ်းဘေးရှိ ပန်းတင်ရေနုတ်မြောင်း သဲနုန်းတူးဖော်ခြင်းနှင့် ဆည်နယ်နိမိတ်တိုင် စိုက်ထူခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ပန်းတင်ရေနုတ်မြောင်းသည် မိုးရာသီတွင် သဲနုန်းများ ပို့ချခြင်း၊ ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်များ ပိတ်ဆို့ခြင်းတို့ကြောင့် ရေစီးရေလာဟန့်တားမှု၊ နှောင့်ယှက်မှုများ ဖြစ်ပေါ်ကာ လယ်ယာမြေများနှင့် ကျေးရွာများ မကြာခဏ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေပြီး မြောင်းနယ်နိမိတ်အတွင်း ကျူးကျော်၍ ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများ တွေ့ရှိရ၍ ပန်းတင်ရေနုတ်မြောင်း ပေတိုင်-၀ မှ ပေတိုင်-၄၅၅၀ အထိ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ဌာနမှ စက်ယန္တရားကြီးများ အသုံးပြုဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရေစီးရေလာကောင်းမွန်ပြီး စိုက်ခင်းများနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ကာ စိုက်ပျိုးမြေဧရိယာ ဧက ၄၀၃၀ ခန့်အား ရေဘေးကာကွယ်နိုင်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုရာတွင် အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့်အဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရွှေရန်ကင်း**



☆ စာမျက်နှာ ၂၄ မှ

အစည်းအဝေးတက်ရောက်မှုအခြေအနေကိုလွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဦးမောင်စိန်၏ **တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကံပေါက်ဒေသ အုန်းပင်ကွင်းကျေးရွာအုပ်စုနှင့် သဲချောင်းကျေးရွာအုပ်စုအကြားရှိ အလျား ၂၅ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေ ရှိသော ကျေးရွာချင်းဆက်တံတားမှာ ပြိုကျပျက်စီးလာပါသဖြင့် RC သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါတံတားသည် ရေဖြူမြို့နယ် ကံပေါက်ဒေသ သဲချောင်း ကျေးရွာအုပ်စု သဲချောင်း-သပွတ်ချောင်းကျေးရွာချင်းဆက် လမ်းပေါ်တွင် တည်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့် လမ်းပိုင်းတွင်ပါဝင်ပါကြောင်း၊ ယင်းလမ်းပိုင်းပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်လမ်း ၃ မိုင် ၂ ဖာလုံ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါတံတားနေရာသို့ ဌာနဆိုင်ရာဝန်ထမ်းများ သွားရောက်၍ အသေးစိတ်ကွင်းဆင်းစိစစ်ရန် လတ်တလော လုံခြုံရေးအခြေအနေအရ ခက်ခဲလျက်ရှိပါကြောင်း၊ သို့ပါ၍ အဆိုပါ RC သံကူကွန်ကရစ်တံတား ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် နယ်မြေလုံခြုံရေး အခြေအနေကောင်းမွန်မှသာ မြေပြင်ကွင်းဆင်းစိစစ်၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် နီးစပ်ရာဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးခဲချိန်၏ **စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ရှိ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို)လမ်း၊ နန်းယွန်း-ပန်ဆောင်ကြားမှ နယ်စပ်ရေးရာဝန်ကြီးဌာနပိုင် လမ်းပိုင်း(၁၇/၀)မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နန်းယွန်း - ပန်ဆောင် ၃၅/၀ မိုင် လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို) လမ်း ၁၉၅ မိုင် ၁ ဖာလုံရှိသော [National Highway-အမှတ်(၄၉)] လမ်းတွင်ပါဝင်ပါကြောင်း၊ နန်းယွန်း-ပန်ဆောင် ၃၅/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ၎င်းလမ်းပိုင်းသည် မြို့နယ်ချင်းဆက်လမ်းဖြစ်၍ ၂၀၁၆ ခုနှစ်တွင် မိုင်တိုင်အမှတ် (၀/၀)မှ (၁၂/၀)အထိ နှင့် မိုင်တိုင်အမှတ် (၂၉/၀)မှ (၃၅/၀)အထိ စုစုပေါင်း ၁၈/၀ မိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် မိုင်တိုင်အမှတ်(၁၂/၀)မှ (၂၉/၀)ထိ ၁၇/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးရှိ နန်းယွန်း-ပန်ဆောင် ၃၅/၀ မိုင် လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို) လမ်းပိုင်းတွင် ပါဝင်ခြင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံချိတ်ဆက်ဆောင်ရွက်မည့်လမ်းဖြစ်ပြီး ကုန်စည်စီးဆင်းမှုအတွက် တန်ချိန်များပြားသည့်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမည်ဖြစ်၍ လမ်းပိုင်း၏ သတ်မှတ်ချက် အဆင့်နှင့်သင့်လျော်သည့် လမ်း/တံတား လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ခြင်းတို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းရယူ ဆောင်ရွက်သင့်ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး သဘောတူညီပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါက်တာ နိုင်လင်း၏ **ကယားပြည်နယ်တွင် ကာလရှည်ကြာစွာ စစ်ဘေးဒဏ်များ ခံစားခဲ့ရပြီးနောက် ပြည်လည်ထူထောင်ရေးအတွက် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မဟာဗျူဟာစီမံကိန်းများ ချမှတ်ရေးဆွဲပြီး အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် ခရီးသွားလုပ်ငန်း အပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကယားပြည်နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ တစ်ဦးလျှင် ငွေကျပ် ၂၀,၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၄၉ သန်းကျော်အား ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေး စီမံခန့်ခွဲမှုရန်ပုံငွေသို့ လွှဲပြောင်းပေးခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် နေရပ်စွန့်ခွာသူများသို့ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ လွိုင်ကော်တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၉၃၆ သန်းကျော်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့က အနီးကပ် ကြီးကြပ်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်စစ်ဘေးရှောင်များအတွက် ဆန်ရိက္ခာဖိုး၊ ပျက်စီးနေအိမ်များအတွက် သတ်မှတ်ထောက်ပံ့ကြေး၊ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေ ကျန်းမာရေးသုံး ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည်တို့ကို ထောက်ပံ့ထားရှိမှုသည် စုစုပေါင်း ငွေကျပ် ၇၃၆ သန်းခန့်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ထိခိုက်လွယ်အုပ်စုဝင် ၆၅၉၂ ဦးတို့အား တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၉၇ ဒသမ ၇၆ သန်းထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့အတူ ကယားပြည်နယ် အစိုးရအဖွဲ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ် ၁၇ ဒသမ ၉၅၇ သန်း၊ ဆန်အိတ် ၄၁၂ အိတ်၊ ဆီ ၄၃၆ ပိဿာကိုလည်းကောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆန်အိတ် ၇၄၀၊ ဆီ ၉၂၄ ပိဿာကိုလည်းကောင်း ထောက်ပံ့ခဲ့ပါကြောင်း။

ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့အနေဖြင့် စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းများ၊ လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ စက်ချုပ်နည်းပညာသင်တန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဒေသတွင်း အသေးစား လုပ်ငန်းအဖြစ် ထူထောင်လိုပါက လုပ်ငန်းလိုင်စင်လျှောက်ထားပေးခြင်း၊ ထုတ်ကုန်များအား ဈေးကွက်ရရှိရေးနှင့် ဓာတ်ခွဲစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ပုဂ္ဂလိက စက်မှုလုပ်ငန်း ၂၇၉ ခုအား မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ခြင်းနှင့် မြို့တွင်းလည်ပတ်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၇၇ ခု၊ လွိုင်ကော်စက်မှုဇုန်တွင် လည်ပတ်နေသည့်လုပ်ငန်း ကိုးခုတို့တွင် ဒေသတွင်းလုပ်သားများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဟိုတယ်/တည်းခိုရိပ်သာများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဟိုတယ်သုံးလုံးနှင့် စည်ပင်တည်းခိုခန်းခုနစ်လုံး ပြန်လည်ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ သွားရောက်လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသ ၁၂ ခုသို့ သွားရောက်လည်ပတ်နိုင်ပြီဖြစ်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသရှိလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ၂၀၂၆ ခုနှစ် အောက်တိုဘာတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များ(MSMEs)သင်တန်းနှင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာတွင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း သုံးမျိုးကိုလည်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

အခြားစီးပွားရေးကဏ္ဍများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးကဏ္ဍများ၌ သမဝါယမအသင်း ၁၅ သင်း၊ တောင်သူ ၃၉၂ ဦးကို ငွေကျပ် သန်း ၃၁၀၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ငွေကျပ် ၃၆၉ ဒသမ ၅ သန်း၊ တောင်သူအစုအဖွဲ့ ၁၆၉ ဖွဲ့၊ တောင်သူ ၁၄၅၁ ဦး၊ လယ်မြေ ၁၉၁၃၄ ဒသမ ၅ ဧကအတွက် ငွေကျပ် ၄၁၂၄ ဒသမ ၆၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငါးမွေးမြူရေးကဏ္ဍအနေဖြင့်လည်း ငွေကျပ် ၃၀၁ သန်းနှင့် ကြက်၊ ဝက်နှင့် ဒေသန္တားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၂၂၆၀ ဒသမ ၄ သန်းကိုလည်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း စိုက်ပျိုးရေး တောင်သူ ၅၇၇ ဦး၊ စိုက်ဧက ၅၅၈ ဒသမ ၇ ဧကအတွက် ချေးငွေ ကျပ် ၂၇၉၃ ဒသမ ၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထပ်မံထုတ်ချေးပေးရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသ၏ ပထဝီဝင် ရေမြေအနေအထား၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ရရှိနိုင်သော ဒေသအရင်းအမြစ်များနှင့် နိုင်ငံ၏ လက်ရှိအနေအထားပေါ်မူတည်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ကဏ္ဍအလိုက် ဦးစီးဦးဆောင်၍ စီမံကိန်း/စီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ခြင်းဖြစ်ပါသဖြင့် အဆိုပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် မဟာဗျူဟာစီမံကိန်းများ ပူးပေါင်းရေးဆွဲ ဆောင်ရွက်မှုမရှိပါကြောင်း၊ သို့သော် အဆိုပါစီမံကိန်း/စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ငန်းတာဝန်(Mandated)များအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်သီတာဝင်းရွှေ၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်တွင် စစ်ဘေးဒဏ်ကြောင့် နေအိမ်များ၊ ပျက်စီးဆုံးရှုံးခဲ့ရပြီး မိမိတို့မြို့ပေါ်တွင် ပြန်လည်အခြေချနေထိုင်လျက်ရှိကြသော စစ်ဘေးရှောင်ပြည်သူများအား နိုင်ငံတော် အစိုးရအနေဖြင့် စားနပ်ရိက္ခာနှင့် နေထိုင်မှု အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက နယ်မြေ အခြေအနေကြောင့် နေရပ်စွန့်ခွာနေထိုင်ရသူများအား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀,၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ထောက်ပံ့ပေးခဲ့ရာ ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများအတွက် ငွေကျပ် ၁၈၃၃၆ ဒသမ ၄၈ သန်း ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် ပြန်လည်နေထိုင်လျက်ရှိကြသူများ ယာယီနေထိုင်ရန်အတွက် မိုးကာတဲ၊ မိုးကာစနှင့် တာပေါ်လင်လိပ်များကိုလည်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများ၊ နယ်မြေတည်ငြိမ်အေးချမ်းလာသဖြင့် ပြန်လည်နေထိုင်သူများ၊ ပျက်စီးနေအိမ်များအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ရန်ပုံငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၅၃ သန်းကျော် ထောက်ပံ့ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကောလင်းခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်း ခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်များအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံ စသည့် အစားအစာရိက္ခာများ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း ငွေကျပ် ၂၀၃၃ ဒသမ ၃၁ သန်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အတွင်း ပြန်လည်ဝင်ရောက် နေထိုင်သူများအနေဖြင့် ထောက်ပံ့မှုများရရှိနိုင်ရေးနှင့် ထောက်ပံ့မှု မကျန်ရှိစေရေးတို့အတွက် ပြန်လည် ရောက်ရှိနေထိုင်ပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များက စာရင်းများတင်ပြလာပါက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သတ်မှတ်နှုန်းထား၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိအချိန်တွင်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန်နှင့် အမျိုးသားလွှတ်တော်က ယခုတင်ပြချက်ဖြင့် ပြန်လည်အတည်ပြုထားသော ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုပေးပါရန် တင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာသော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက် ၃၀ ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

ကိုယ်စားလှယ်အမှတ်(၅) ဦးမျိုးမင်းနောင်က အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့်အဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံက အခွန်စနစ်သည် ဝင်ငွေကောက်ခံရေးစနစ်တစ်ခုသာ မဟုတ်ဘဲ နိုင်ငံတော်နှင့်ပြည်သူအကြား ယုံကြည်မှုကို တည်ဆောက်ပေးသော ယန္တရားတစ်ခုလည်း ဖြစ်ပါကြောင်း၊ အခွန်စီမံခန့်ခွဲရေးကဏ္ဍအတွင်း အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာပါက နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးရုံသာမက ဥပဒေကိုလိုက်နာသော အခွန်ထမ်းများအပေါ် မမျှတမှုများဖြစ်ပေါ်စေပြီး ပြည်သူများ၏ အခွန်စနစ်အပေါ် ယုံကြည်မှုကိုလည်း လျော့နည်းစေပါကြောင်း၊ အခွန်ထမ်းများအနေဖြင့် အခွန်သတ်မှတ်ခြင်းဆိုင်ရာစံနှုန်းများကို လွယ်ကူစွာမသိရှိရခြင်းသည် အဂတိဖြစ်ပေါ်နိုင်သည့် အခြေအနေများကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါကြောင်း။

အခွန်တွက်ချက်မှုဆိုင်ရာ စံနှုန်းများ၊ နှုန်းထားများနှင့် တွက်ချက်ပုံများကို ပြည်သူများအား ပွင့်လင်းမြင်သာစွာထုတ်ပြန်ပေးပြီး အခွန်ထမ်းတိုင်း မိမိအမှန်တကယ်ပေးဆောင်ရမည့် အခွန်ပမာဏကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆောင်ရွက်ထားသင့်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများကို ကုမ္ပဏီများသာမက တစ်ဦးချင်းအခွန်ထမ်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများပါ အလွယ်တကူအသုံးပြုနိုင်စေရန်အတွက် အသုံးပြုနည်းများကို ပိုမိုရိုးရှင်းအောင် ပြင်ဆင်သင့်ပါကြောင်း။

အခွန်ဝန်ထမ်းများ၏ ကျင့်ဝတ်၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဒီဂျစ်တယ် နည်းပညာ အသုံးချနိုင်စွမ်းကို စဉ်ဆက်မပြတ် မြှင့်တင်ပေးသင့်သကဲ့သို့ အခွန်ထမ်းများအတွက်လည်း အခွန်ဥပဒေနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုများ အသုံးပြုနည်းဆိုင်ရာ ပညာပေးအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်ထမ်းများအတွက် ယုံကြည်ရသော အခွန်စနစ်တစ်ရပ် ဖြစ်ပေါ်လာပါက နိုင်ငံတော်၏အခွန်ဝင်ငွေများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်းက အခွန်ကောက်ခံမှုစနစ်ကို ဒီဂျစ်တယ်စနစ် (Digitalization & E-Tax System) သို့ ရာနှုန်းပြည့်ပြောင်းလဲပါက ပြည်သူများ အခွန်ရုံးသို့ လူကိုယ်တိုင်သွားရောက်ရန် မလိုအပ်ဘဲ မိုဘိုင်းဖုန်း သို့မဟုတ် ဝက်ဘ်ဆိုက် (Web Portal) မှတစ်ဆင့် အလွယ်တကူအခွန်တွက်ချက်ခြင်းနှင့် ပေးဆောင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည့် Mobile Tax Application ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ် (E-Payment Integration)နှင့် ချိတ်ဆက်ပါက အခွန်ငွေများကို ငွေသား (Cash) ဖြင့် ကောက်ခံခြင်းထက် ဘဏ်စနစ် (Mobile Banking, iBanking, QR Code Payment) များဖြင့်သာ တိုက်ရိုက်ပေးဆောင်စေသည့်စနစ်ကို ကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းပြည်သူများ၏ အခွန်ငွေများသည် နိုင်ငံတော်ဘဏ္ဍာအတွင်းသို့ တိုက်ရိုက်၊ ချက်ချင်းနှင့် ရာနှုန်းပြည့်ရောက်ရှိစေမည်ဖြစ်ပါကြောင်း။

အခွန်နှုန်းထားနှင့် လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းအောင် လျှော့ချ (Simplification of Tax Code) ပါက သမားရိုးကျလုပ်ငန်းရှင်များနှင့် ပြည်သူများ နားမလည်နိုင်သည့် ရှုပ်ထွေးသော အခွန်တွက်ချက်မှုပုံသေနည်းများကို ရိုးရှင်းလွယ်ကူအောင်ပြင်ဆင်ပြီး အခွန်အမျိုးအစားများ တစ်နေရာတည်းတွင် တစ်ပါတည်းပေးဆောင်နိုင်မည့် One-Stop Service (OSS) များကို မြို့နယ်အဆင့်အထိ ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများသည် အခွန်ပေးဆောင်ခြင်းကို ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ ဂုဏ်ယူစရာ တာဝန်တစ်ခုအဖြစ် ခံယူလာနိုင်ပြီး အခွန်ရှောင်လိုစိတ်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

စောင့်ကြည့်စစ်ဆေးရေးစနစ် (Transparency & Feedback Mechanism) ထူထောင်ရန်လိုအပ်ပါကြောင်း၊ ပြည်သူများ တိုက်ရိုက်တိုင်ကြားနိုင်မည့် အွန်လိုင်းအဂတိတိုင်ကြားမှုစနစ် (Online Complaint Portal) ထားရှိမည်ဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) စိုင်းဝင်းခိုင်က ပြည်သူများသည် နိုင်ငံတော်၏အခွန်ကို အပြည့်အဝပေးဆောင်ချင်ကြသော်လည်း လက်ရှိရှုပ်ထွေးနေသည့် အခွန်ထည့်သည့်စနစ်များကြောင့် နိုင်ငံတော်အခွန်များ နစ်နာထိခိုက်မှုများ ကြုံတွေ့နေရပါကြောင်း၊ ပြည်ထောင်စုအခွန်အကောက်စနစ်အား ခေတ်နှင့်လျော်ညီစွာ လွယ်ကူသည့် One Stop Service ဖြင့် ဆောင်ရွက်ပြုပြင်ပေးစေလိုပါကြောင်း၊ အစိုးရဝန်ထမ်းများ အဂတိတရားကင်းစင်မှသာ ဝန်ထမ်းကောင်းများဖြစ်လာပြီး အစိုးရကောင်းတစ်ရပ်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါ်နော်ဖလောရင့်ဒယ်နီက အဂတိဆိုသည်မှာ အများပြည်သူအကျိုးစီးပွားအတွက် အပ်နှံထားသော အာဏာ၊ ရာထူး(သို့မဟုတ်) လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်းဖြစ်ပါကြောင်း၊ အဂတိတရားများပြားသော နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်းနည်းပါးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါကြောင်း၊ အဂတိတိုက်ဖျက်ရေးကို အစိုးရအဖွဲ့အစည်းများ၊ ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့ အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူရမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများကို လက်မခံသော ယဉ်ကျေးမှုတစ်ရပ် တည်ဆောက်နိုင်မှသာ သန့်ရှင်းကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အဂတိနှင့်ပတ်သက်သည့် တိုင်ကြားမှုများကို လုံခြုံစိတ်ချစွာလက်ခံနိုင်သည့်စနစ်များ တည်ဆောက်ရန်လည်းလိုအပ်ပါကြောင်း၊ သတင်းပေးတိုင်ကြားသူများကို ဥပဒေအရအကာအကွယ်ပေးနိုင်မှသာ အဂတိများကို ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိတိုက်ဖျက်ရေးသည် စီးပွားရေးမူဝါဒကောင်းများ ချမှတ်ခြင်းကဲ့သို့ပင် အရေးကြီးသော ဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ်ဖြစ်ပါကြောင်း၊ အဂတိတရားကို တိုက်ဖျက်ရာတွင် ပြစ်ဒဏ်ပေးခြင်းတစ်ရပ်တည်းဖြင့် မလုံလောက်ဘဲ ကာကွယ်တားဆီးရေးနှင့် အသိပညာပေးရေးကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိတရားတိုက်ဖျက်ရေးသည် ဥပဒေစိုးမိုးရေးကိစ္စတစ်ခုတည်းသာ မဟုတ်ဘဲ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသော အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦးက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးသည် အဓိကကျသည့်အတွက် ပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရမည်ဖြစ်သကဲ့သို့ ရရှိသောအခွန်များကို အစိုးရအနေဖြင့် နိုင်ငံတော်အတွက် ပြန်လည်အသုံးပြုရခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြည်သူများထံမှ အခွန်များကောက်ခံရာတွင် ယခင်က သတ်မှတ်ထားသောအခွန်နှုန်းထားများသည် ခေတ်ကာလနှင့် မညီညွတ်သည့်အတွက် ယနေ့ခေတ်ကာလနှင့် ကိုက်ညီသော အခွန်နှုန်းထားများသို့ ပြောင်းလဲ၍ ကောက်ခံသင့်ပါကြောင်း။

အခွန်တိမ်းရှောင်သူများကြောင့် ရသင့်ရထိုက်သည့် အခွန်များမရရှိဘဲ အဂတိကြောင့် နိုင်ငံတော်တွင် အခွန်ဝင်ငွေများ နစ်နာဆုံးရှုံးလျက်ရှိပါကြောင်း၊ အဂတိကင်းရှင်းအောင် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေတိုးတက်လာမည် ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က မြန်မာနိုင်ငံတွင် အခွန်စနစ် ပိုမိုအားကောင်းလာစေရန်နှင့် အဂတိလိုက်စားမှုကို ထိရောက်စွာလျှော့ချနိုင်ရေးသည် ရေရှည်တည်ဆောက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး အပြန်အလှန်ချိတ်ဆက်နေသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ အခွန်ကောက်ခံမှု စနစ်တကျမရှိလျှင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေပိုများပြီး အဂတိများနေပါက နိုင်ငံတော်ကရသင့်ရထိုက်သည့် အခွန်ငွေများ ဆုံးရှုံးနေမည်ဖြစ်ပါကြောင်း။

နည်းပညာသုံး အခွန်စနစ်သို့ ပြောင်းလဲခြင်း (Digitalization)သည် လူနှင့်လူ တိုက်ရိုက်ထိတွေ့ဆက်ဆံမှုကိုလျှော့ချခြင်းဖြင့် အဂတိတရားကို တားဆီးနိုင်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ အခွန်ထမ်းဆောင်လိုသူများအနေဖြင့် အခွန်ရုံးများကို ကိုယ်တိုင်သွားစရာမလိုဘဲ အွန်လိုင်းမှ ပွင့်လင်းမြင်သာစွာတွက်ချက်၍ Electronic စနစ်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားကောင်းအောင် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ အခွန်နှုန်းထားများနှင့် အခွန်ကင်းလွတ်ခွင့်များကို ရှုပ်ထွေးမှုမရှိစေဘဲ ရှင်းလင်းလွယ်ကူအောင် ပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာဝန်ထမ်းများက မိမိသဘောအတိုင်း ဆုံးဖြတ်နိုင်ခွင့်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ကောက်ခံရရှိသော အခွန်ငွေကို မည်သည့်နေရာများတွင် ပြန်လည်အသုံးပြုနေသည်ကို ပြည်သူလူထုသိသာမြင်သာအောင် အစီရင်ခံစာထုတ်ပြန်ပေးခြင်းသည် ပြည်သူလူထုအား အခွန်ပေးဆောင်လိုစိတ်ကို မြှင့်တင်ပေးနိုင်ပြီး အစိုးရအပေါ်ယုံကြည်မှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၁၀ ရက်တွင်ကျင်းပမည့် ၁၅ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (Training Of Trainer-TOT) ဖွင့်လှစ်

**ဟုမ္မလင်း ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့၌ ယမန်နေ့ နံနက် ၉ နာရီက ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မည့် အစီအစဉ်အရ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (Training Of Trainer-TOT) ကို ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဥပဒေအရာရှိ ဦးထက်မြတ်အောင်က (TOT) သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားရာ နိုင်ငံသားတိုင်း ဥပဒေစိုးမိုးမှုရရှိစေရေး၊ ဥပဒေအသိပညာရရှိစေရေး၊ ဥပဒေအကာအကွယ်ကို အညီအမျှ ရရှိစေရေးတို့အတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအားဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းအား ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန် မှာကြားချက်များနှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှကြီးမှူး၍ ဟုမ္မလင်းမြို့နယ်ဥပဒေရုံးက ဦးစီးဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ သင်တန်းတွင် ဥပဒေဘာသာရပ်ကိုးခုအား သင်တန်းအချိန် စုစုပေါင်း အချိန် ၂၀ ကို သင်တန်းကာလ သုံးရက်ဖြင့် သင်ကြားပို့ချသွားခဲ့သည်။

သင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သင်တန်းသား ၆၈ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းအား နံနက် ၉ နာရီတွင် စတင်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်း

**မန္တလေး ဇူလိုင် ၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မလွန်ဈေးဆန်လှူအသင်းကြီးသို့ ဇူလိုင် ၅ ရက် နံနက်ပိုင်းက စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး သုံးရပ်နှင့် မန္တလေး (၆)မြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်နှင့် အလှူခံပုဂ္ဂိုလ်ခြောက်သောင်းတို့အား ဆွမ်းဆန်တော်လှူဒါန်းနိုင်ရန်အတွက် မန္တလေး၊ အောင်ပင်လယ်ရပ်နေ ကွယ်လွန်သူ ဦးဉာဏ်မျိုးအား ရည်စူး၍ ဦးခင်မောင်မြင့်+ဒေါ်တင်မိုး၊ (သား)မောင်စွမ်းထက်အောင်၊ မောင်သွင်ထူးနောင်နှင့် အ.ထ.က(၁၉) ကျောင်းသား၊ ကျောင်းသူဟောင်းများက ထာဝရပဒေသာပင် ငွေကျပ် ၁၀ သိန်းကို လာရောက်လှူဒါန်းရာ အသင်းကြီးတွဲဖက်အတွင်းရေးမှူး ဦးခင်မောင်အုန်း၊ စာရင်းစစ် ဦးခင်မောင်ဝင်းနှင့် အမှုဆောင်အဖွဲ့က လက်ခံရပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၇၀)**

# မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရေဘေးသင့်ဘာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၈**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက အချိန်နှင့် တစ်ပြေးညီတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများမြှင့်တင်နိုင်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သဘာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ တောင်သမန်အင်းရေပြင်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှုသန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦးဖြင့် ရေပြင်မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ရေဘေးသင့်ဘာန်တူ လေ့ကျင့်ခြင်း သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ ဖွဲ့စည်းထားမှု၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ပစ္စည်းများအား အသင့်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းပြသခဲ့သည်။



အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် အဖွဲ့လိုက် (Teamwork)ဖြင့် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် တစ်ဦးချင်းစွမ်းဆောင်ရည်မှအစ တပ်ဖွဲ့တစ်ခု လုံး၏စွမ်းဆောင်ရည်များ တိုးတက်နေရန် နည်းစနစ်မှန်ကန်စွာလေ့ကျင့်ထားရေး၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် အသင့်ပြင်ဆင်ထားရေးနှင့် စက်ကိရိယာများအား စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်ရန် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့ကျင့်ထားရေးတို့ကို ပြောကြားပြီးနောက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ










- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၆)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်မှ မြို့ပြနှင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်အတွက် စံပြကျေးရွာများထူထောင်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် ကျေးလက်စီးပွားမြင့်မားရေးကို ဖော်ဆောင်ပေးနေပါကြောင်း၊ တိုင်းဒေသကြီးအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီတွင် ဦးစီးဌာန(၁၉)ခု၊ ပြင်ပ ပညာရှင် သုံးဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ကျေးလက်ဒေသ တာဝန်များကိုလည်း ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်မှ ချမှတ်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဦးတည်ချက်လုပ်ငန်းစဉ်များ၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ငင်းနောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးအောင်မျိုးလွင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက ဖြည့်စွက်ဆွေးနွေး ပြောကြားပြီးနောက် တိုင်းဒေသကြီးအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဦးစီးဌာနများမှ တာဝန် ရှိသူများနှင့်ပြင်ပ ပညာရှင်တို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခက်အခဲများ၊ အားနည်းချက်များနှင့် အားသာချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် တက္ကသိုလ်ကြက်ခြေနီအသင်းခွဲမှ ရှေးဦးသူနာပြုစုနည်း(အခြေခံ)သင်တန်းဖွင့်လှစ်





**မန္တလေး ဇူလိုင် ၈**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) တွင် တက္ကသိုလ်ကြက်ခြေနီ အသင်းခွဲမှ ရှေးဦးသူနာပြုစုနည်း (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်၊ အုန်းချော- ရွှေစာရံဘုရားလမ်းရှိ အဆိုပါ တက္ကသိုလ် မဏ္ဍာသကခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် လူမှုရေးရာ ဝန်ကြီး ဦးလှကြွယ်၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့် တာဝန်ရှိသူ များ၊ အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က အဖွင့်အမှာစကားပြောကြားရာတွင် ရှေးဦးပြုစုခြင်းနည်းလမ်းကို တတ်မြောက်ထားခြင်းဖြင့် အရေးပေါ်လိုအပ်လာပါက ကူညီစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဦးပြုစုခြင်း (အခြေခံ)အဆင့် သင်တန်းအပြင် သာမန်သင်တန်း၊ နည်းပြသင်တန်းများအထိ တက်ရောက်သင်ကြား၍ စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သင်တန်းဖွင့်လှစ်ပို့ချနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၈ ဦး တက်ရောက်ပြီး သင်တန်းအား ဇူလိုင် ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

၀-၀-၀

သတင်း-စာမျက်နှာ ၈





# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။




**စနစ်တကျလွှဲပြောင်းပေးအပ်**

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. Dong Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၈ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ပြီး ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီးဖြစ်ကာ ၎င်းတို့အနက်မှ ၁၃၈၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၁ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်




## ထိုင်းနိုင်ငံ၌ မြန်မာအလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ အာမခံကြေး ဘတ် ၁၁ သိန်း ထုတ်ယူနိုင်ရေး အလုပ်သမားသံအရာရှိရုံးကူညီ

ရန်ကုန် ဇူလိုင် ၈

ထိုင်းနိုင်ငံ လယောင်၌ ယာဉ်မတော်တဆဖြစ်၍ အသက်ဆုံးရှုံးခဲ့သည့် မြန်မာအလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ အာမခံကြေးငွေ ဘတ် ၁၁ သိန်း ထုတ်ယူနိုင်ရေး ကူညီပေးခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ထိုင်းနိုင်ငံ လယောင်၌ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် ယာဉ်မတော်တဆဖြစ်ရာမှ အသက်ဆုံးရှုံးခဲ့ရကြောင်း၊ ယင်းသေဆုံးခဲ့သည့် အလုပ်သမားအတွက် ပုဂ္ဂလိကအာမခံကုမ္ပဏီမှ ရသင့်ရထိုက်သည့် အာမခံကြေးငွေ ဘတ် ၁၁ သိန်းကို ထုတ်ယူနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၇ ရက်က အလုပ်သမားသံအရာရှိရုံး၌ မိခင်ဖြစ်သူထံသို့ ပေးအပ်ခဲ့သည်။

အလုပ်သမားသံအရာရှိရုံးအနေဖြင့် မြန်မာအလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေး၊ အာမခံကြေး၊ လုပ်ခလစာရရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းကာ ကူညီပေးလျက်ရှိကြောင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ပြီး အလုပ်သမားသံအရာရှိရုံး (Call Center) ၀၂၀၀၃၀၀၁၅၊ အလုပ်သမားသံမှူး (ဗန်ကောက်) ၀၆၁၈၁၀၈၄၅၄၊ အလုပ်သမားသံအရာရှိ(ဗန်ကောက်) ၀၆၂၆၈၉၀၁၁၉၊ အလုပ်သမားသံအရာရှိ (ဗန်ကောက်) ၀၆၅၂၂၀၆၉၅၂၊ အလုပ်သမားသံအရာရှိ (မဲဆောက်) ၀၆၅၂၂၀၆၉၅၃၊ အလုပ်သမားသံအရာရှိ (ချင်းမိုင်) ၀၉၄၅၈၆၆၆၀၇၊ အလုပ်သမားသံအရာရှိ (ရနောင်း) ၀၆၃၄၈၁၈၁၂၁ တို့သို့ အကူအညီတောင်းခံတိုင်ကြားနိုင်ကြောင်း သိရသည်။

MT

# မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို တရားမဝင်ရောင်းချခြင်းကျူးလွန်ခဲ့သည့် ခရီးသည်တင်ယာဉ်နှစ်စီးအား ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူ

နေပြည်တော် ဇူလိုင် ၈

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG)ကို နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် စီမံဆောင်ရွက်ပေးထားသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ အကျိုးခံစားခွင့်ရရှိစေရေး YBS ယာဉ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းသာပြေးဆွဲရန်နှင့် ယာဉ်စီးခကိုလည်း သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ခံသွားရမည်ဖြစ်ကြောင်း ညွှန်ကြားထားပြီးဖြစ်သည်။

ထိုကဲ့သို့ ညွှန်ကြားထားသော်လည်း YBS(၆၅) ယာဉ်လိုင်းတံဆိပ်တပ်ဆင်ထားသော ယာဉ်အမှတ် (2I-2957) မော်တော်ယာဉ်သည် YBS ယာဉ်လိုင်းတွင် အမှန်တကယ်ပြေးဆွဲခြင်းမရှိဘဲ တောင်ဒဂုံမြို့နယ် ရွာသာကြီး အကြီးစားစက်မှုဇုန်အတွင်း စက်ရုံဖယ်ရီပြေးဆွဲလျက်ရှိခြင်း၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အား ယာဉ်အမှတ်(6F-3682)သို့ တရားမဝင်ရောင်းချခြင်းများ ပြုလုပ်နေကြောင်း တာဝန်သိပြည်သူတစ်ဦးက တိုင်ကြားလာသည့်အတွက် တာဝန်ရှိသူများအနေဖြင့် သွားရောက်စစ်ဆေးခဲ့ရာ အမှန်တကယ် ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်အမှတ်(2I-2957)နှင့် (6F-3682) ခရီးသည်တင်ယာဉ်နှစ်စီးအား ဇွန် ၃၀ ရက်မှစ၍ ရာသက်ပန်ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူဆောင်ရွက်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်






မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အား တရားမဝင်ရောင်းချခြင်းကျူးလွန်ခဲ့ခြင်းကြောင့် ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူခဲ့သည့် ခရီးသည်တင်ယာဉ်နှစ်စီးကို တွေ့ရစဉ်။

## မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိခဲ့မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသားတစ်ဦး သေဆုံး

**နန့်စန် ဇူလိုင် ၈**

ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိခဲ့မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်၊ ဟိုဦးကျေးရွာအနီး မိုင်တိုင်အမှတ် ၁၈၀ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား နမ့်စန်-လွိုင်လင်သွား ပြည်ထောင်စုကားလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ နမ့်စန်မြို့မှ လွိုင်လင်မြို့ဘက်သို့ ခဲလောင်းကျေးရွာနေ ဦးတခွန်(၇၄)နှစ်ဆိုသူ မောင်းနှင်လာသော KE-NBO 125 ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် လမ်းဝဲဘက်ရှိ ဟိုဦး-ပါဟုတ်ကျေးရွာလမ်းခွဲဘက်သို့ ချိုးကွေ့စဉ် လားရာတူနောက်မှ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်နေ ဦးချမ်းမြေ့အောင်(၄၂)နှစ်ဆိုသူ မောင်းနှင်လာသည့် YUTONG EXPRESS ခရီးသည်တင်မော်တော်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ အဆိုပါဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးတခွန် ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် နမ့်စန်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

မဆင်မခြင် မောင်းနှင်မှု အသက်ပေါင်းများစွာ အန္တရာယ်ပြု။




## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်




**လန်ဒန် ဇူလိုင် ၈**

၂၀၂၆ ကမ္ဘာ့ဖလား ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များထွက်ပေါ်လာခဲ့ပြီ ဖြစ်သည်။ (ဓာတ်ပုံ)

၂၀၂၆ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းနှင့် မော်ရိုကိုအသင်း၊ စပိန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်း၊ နော်ဝေအသင်းနှင့် အင်္ဂလန်အသင်း၊ အာဂျင်တီးနားအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၆ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဇူလိုင် (၁၀၊ ၁၁၊ ၁၂)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ချန်ပီယံဆု ဆွတ်ခူးရန် စပိန်အသင်းက ရေပန်းစားလျက်ရှိသည်။ (NGB)

## အမာဒူအိုနာနာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့မှုကြောင့် ကာလရှည်စွာ အနားယူရဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၈**

ဘယ်လ်ဂျီယံအသင်း ကွင်းလယ်ကစားသမား အမာဒူအိုနာနာ ACL ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာပြင်းထန်ခဲ့ခြင်းကြောင့် ကာလရှည်စွာ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံအသင်းက အမေရိကန်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အမာဒူအိုနာနာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘယ်လ်ဂျီယံအသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် အက်စတွန်ဗီလာအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အမာဒူအိုနာနာသည် ဘယ်လ်ဂျီယံအသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၃၃ပွဲကစားကာ တစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (အောက်ပုံ)

(NGB)



## ယူနိုစကယ်ဆာတိုကို ဗလင်စီယာအသင်းက ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၈**

စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းသည် ဂျပန်ကလပ် တိုကျို FC အသင်း တောင်ပံကစားသမား ယူနိုစကယ်ဆာတိုကို ပြောင်းရွှေ့ကြေး ယူရို ၄သန်းဖြင့်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဗလင်စီယာအသင်းနှင့်အတူ ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား ယူနိုစကယ်ဆာတိုသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဗလင်စီယာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဗလင်စီယာအသင်းသည် လက်ရှိ ဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အောက်ပုံ) (NGB)



## နော်တင်ဟမ်ဖောရက်စ်အသင်းက နည်းပြ အိုလီဗာဂလက်စ်နာကို နည်းပြသစ်အဖြစ် ခန့်အပ်

**လန်ဒန် ဇူလိုင် ၈**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အိုလီဗာဂလက်စ်နာကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ အိုလီဗာဂလက်စ်နာသည် နည်းပြဘဝတစ်လျှောက်တွင် ခရစ္စတယ်ပဲလေ့စ်၊ ဖရန့်ဖတ်၊ ဝုဖ်ဘတ်စသည့်ကလပ်အသင်းများကို ကိုင်တွယ်ပြီး



အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၁)နှစ်အရွယ်ရှိ အိုလီဗာဂလက်စ်နာအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ)

(NGB)

## 2026 Wimbledon အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Coco Gauff တက်ရောက်

**လန်ဒန် ဇူလိုင် ၈**

အင်္ဂလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Coco Gauff သည် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Belinda Bencic ကို ၄-၆၊ ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် တစ်နိုင်ငံတည်းနေသူတင်းနစ်မယ် Jessica Pegula တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အောက်ပုံ)


(NGB)



## ကယ်လီဂါရစ်ကို အက်သလက်တီကိုမက်ဒရစ်အမျိုးသမီးအသင်းက ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၈**

အက်သလက်တီကိုမက်ဒရစ်အမျိုးသမီးအသင်းသည် ဂျူဗင်တပ်အမျိုးသမီးအသင်း နောက်ခံကစားသမား ကယ်လီဂါရစ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ နောက်ခံကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ကယ်လီဂါရစ်သည် ဂျူဗင်တပ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အတွင်း လိဂ်ပွဲစဉ် ၃၄ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ် အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကယ်လီဂါရစ်က "ကျွန်မကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနှင့်အတူ အောင်မြင်မှုတွေ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဓာတ်ပုံ) (NGB)

## ဂျန်ဗာဂျီလီကို ခေါ်ယူရန် ဘာစီလိုနာအသင်းစီစဉ်

**မက်ဒရစ် ဇူလိုင် ၈**

ဘာစီလိုနာအသင်းသည် မာယော့ကာအသင်း တောင်ပံကစားသမား ဂျန်ဗာဂျီလီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မာယော့ကာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



မာယော့ကာအသင်းကလည်း ဂျန်ဗာဂျီလီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မာယော့ကာအသင်းထံမှ ဂျန်ဗာဂျီလီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဓာတ်ပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* တူရကီကလပ်ဘီဆစ်တပ်စ်အသင်းသည် အာဆင်နယ်အသင်း တောင်ပံကစားသမား ထရိုဆက်ဒ်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပရီးမီးယားလိဂ်တန်းတက်ကလပ် ကိုဗင်ထရီအသင်းသည် အဲဗာတန်အသင်း ဂိုးသမား မာ့ခ်ထရာဗာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

(NGB)

## ဝက်စ်ဘန်းစ်က အစ်ဆွစ်ချ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၈**

အစ်ဆွစ်ချ်အသင်းသည် အသင်းတောင်ပံကစားသမား ဝက်စ်ဘန်းစ်ကို တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ တောင်ပံကစားသမားသည် အစ်ဆွစ်ချ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၄ ပွဲကစားပြီး ဂိုး ၃၀ ထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဝက်စ်ဘန်းစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ လာမည့် ဘောလုံးရာသီမှာလည်း ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

(ဓာတ်ပုံ) (NGB)

### ၂၀၂၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ် ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၁၀-၇-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | ပြင်သစ် - မော်ရိုကို | ပြင်သစ် ၂-၀ မော်ရိုကို<br>(၁၅-၁၂-၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ) |

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၈**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာသူများက လေးယောက်တွဲ ပြိုင်ပွဲဝင် မန္တလေးတပ်နယ်အသင်းနှင့် ပြင်ဦးလွင်တပ်နယ်အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်း ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော နှစ်ယောက်တွဲပြိုင်ပွဲဝင် ပြင်ဦးလွင်တပ်နယ်အသင်းနှင့် လေးယောက်တွဲပြိုင်ပွဲဝင် မန္တလေးတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အုပ်စု ၄ စုခွဲကာ ဇူလိုင် ၄ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၃၈)



# ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့က Mobile Lab Van ဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၈**

အခြေခံစားသောက်ကုန်ပစ္စည်းများ ဝယ်ယူစားသုံးရာ၌ အစားအစာဘေးကင်းလုံခြုံစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၉ နာရီက တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာ စိုင်းမင်းသူထွန်း ဦးဆောင်၍ ဝန်ထမ်းများအဖွဲ့က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်တွင်းကြီး မြို့မစည်ပင်သာယာဈေးသို့ သွားရောက်ပြီး အခြေခံစားသောက်ကုန်ပစ္စည်းများအား Mobile Lab Van ဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ထို့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ တိုင်းတာဝန်ခံ ဒေါက်တာ စိုင်းမင်းသူထွန်းနှင့်အဖွဲ့များ ဦးဆောင်၍ တောင်တွင်းကြီးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဌေးဌေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဈေးကော်မတီအဖွဲ့ဝင်များနှင့်အတူ တောင်တွင်းကြီး မြို့မစည်ပင်သာယာဈေးရှိ အခြေခံစားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များမှ လုပ်ငန်းရှင်များကိုတွေ့ဆုံကာ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာ၌ စားသုံးသူ ပြည်သူလူထု အစားအစာဘေးကင်းလုံခြုံစေရေးအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ရောင်းချခြင်းမပြုရန် တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုရန်၊ ရောင်းချသည့် စားသောက်ကုန်ပစ္စည်း အမျိုးအစားအလိုက် ကုန်အညွှန်း အမှတ်တံဆိပ်နှင့် ထုတ်လုပ်သည့်နေ့ရက်၊ သက်တမ်းကုန်ဆုံးရက် စွဲဖော်ပြပါရှိရေး အလေးထားလိုက်နာဆောင်ရွက်ရန်၊ စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရာ၌ တာရှည်ခံသော ဓာတုဆိုးဆေးများ သုံးစွဲထုတ်လုပ်ခြင်း မပြုရန်နှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာဥပဒေများကို အလေးထားလိုက်နာဆောင်ရွက်ရန် အသိပညာပေးဆွေးနွေးပြောကြားပြီး ဈေးဆိုင်များအလိုက် အခြေခံစားသောက်ကုန်ပစ္စည်းများတွင် ကျန်းမာရေးဆိုးကျိုးဖြစ်စေသည့် ဓာတုဆေးဝါးပစ္စည်း ပါဝင်ရောနှောထားခြင်း ရှိ၊ မရှိ Mobile Lab Van ဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**နောင်နောင်(ဗိသုနိုးမြေ)**




# မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ပြင်ဦးလွင်)၏ အလုပ်အမှုဆောင်ရွေးချယ်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၈**

မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ပြင်ဦးလွင်)၏ ၂၀၂၆-၂၀၂၉ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင် ရွေးချယ်ပွဲနှင့် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)ရှိ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားကို မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို)က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ အသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဌေးမြင့်၊ မန္တလေးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ ပြင်ဦးလွင်ခရိုင်ဥက္ကဋ္ဌ ဒေါက်တာစန်းလှိုင်နှင့် အသင်းဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားခဲ့ကြပြီး၊ ၂၀၂၆-၂၀၂၉ ခုနှစ် သက်တမ်း အတွက် အလုပ်အမှုဆောင် ရွေးချယ်ရေးစည်းကမ်းချက်များကို အသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ဦးက ဖတ်ကြားရှင်းလင်းခဲ့သည်။

ထို့နောက် သဘာပတိက ရွေးချယ်ထားသည့် အလုပ်အမှုဆောင်အဖွဲ့ကို အတည်ပြုခဲ့ပြီး ရွေးချယ်ခံအလုပ်အမှုဆောင်များက ကတိသစ္စာပြုခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင်နှင့် မြို့နယ်အတွင်းရှိ အသင်းသား၊ အသင်းသူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြပြီး အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းကူညီခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

ဝ-ဝ-ဝ-ဝ-ဝ



# မိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

**မန္တလေး ဇူလိုင် ၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်ကြီး ဂန္ဓာရုံဘုန်းတော်ကြီးသင်အထက်တန်းကျောင်း (ခွဲ)ရှိ ကျောင်းသား၊ သူများအား ယမန်နေ့ နံနက် ၁၁ နာရီခွဲက မိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ ငှားရမ်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာအုပ်၊စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အားလပ်သည့် အချိန်များတွင် စာဖတ်ခြင်းဖြင့် ရရှိလာမည့် စာပေအကျိုးကျေးဇူးများရရှိစေရန်ရည်ရွယ်၍ ယင်းမိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ရှိ သုတ၊ ရသစာအုပ်ပေါင်း နှစ်ထောင် ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် စာအုပ်စာစောင်အသစ်များ အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် စာအုပ်နှစ်အုပ်နှုန်းဖြင့် အခမဲ့ငှားရမ်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းစာအုပ်စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

**စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**



# သီးသန့်အခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆ ) ဖွင့်ပွဲ ကျင်းပ

**စဥ့်ကိုင် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကင်းဝေးစေရန်နှင့် မီးလောင်မှုနှင့် မီးလန့်မှုများကြောင့် ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရန်အတွက် သီးသန့်အခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကို တောင်ရင်းကျေးရွာကံကောင်းခြင်း ရတနာသစ်အချောထည်စက်ရုံ၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ သင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကို ဆက်လက်ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ပိုက်လိပ်ခြင်း၊ ပိုက်ခေါင်းကောက်ခြင်း၊ စစ်ရေးပြခြင်းဘာသာရပ်၊ မီးသတ်ရေစုပ်စက်ကလေး လေ့ကျင့်ခန်းနှင့် မီးသတ်စက်ကြီး လေ့ကျင့်ခန်းများကို သင်ကြားလေ့ကျင့်ပေးခဲ့ပြီး သင်တန်းကို ဇူလိုင် ၆ ရက်မှ ၁၇ ရက်အထိ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(စဥ့်ကိုင်)**






## မန္တလေးမြို့ မဟာမုနိဘုရားကြီးအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး ဇူလိုင် ၈**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးတွင် ဘက်စုံ ပြုပြင်လျက်ရှိရာ မဟာမုနိဘုရားကြီး သီတင်းသုံးတော်မူသည့် မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋီ တိုက်တော်ကြီးနှင့် ဆက်စပ်သာသနိက အဆောက်အဦများ၊ စေတီငယ်များအပါအဝင် အရပ်လေးမျက်နှာမှ စမြင်၊ အဆောက်အဦများ၊ တိုင်များ ပျက်စီးမှုများကို ပြုပြင်လျက်ရှိသည်။

သစ်တံခါးဆရာတော် ဘဒ္ဒန္တ မဏိဇောတ(ယော)နှင့် ဘဝဆက် ပဋ္ဌာန်းဆက်သားသမီးများမှ ငလျင်ကြောင့် ပြိုကျခဲ့သည့် တိုင်အမှတ် (၁၂၀)နှင့် တိုင်အမှတ် (၁၀၄)တို့အား ပြန်လည်ပြုပြင်ရန် အလှူငွေကျပ် သိန်း ၁၀၀၀ အား လည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန ဌာနမှူး ဦးစိုးနှင်းသိန်းနှင့် ဇနီး ဒေါ်မွန်မြတ်ခွေ သား မောင်နှင်းကိုကိုဦး မိသားစုတို့က မွေးနေ့အထိမ်းအမှတ်အဖြစ် ဘက်စုံပြုပြင် မွမ်းမံနိုင်ရန်အတွက် အလှူငွေကျပ် ၅၄၀၀၀၀၀ တို့အား ယနေ့ နံနက်ပိုင်းက လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မဟာမုနိဘုရားကြီးပြုပြင်တည်ဆောက်ဆဲဖြစ်ရာ ဘက်စုံ ပြုပြင်ရေးလုပ်ငန်းများအတွက် မည်သူမဆို ဂေါပကအဖွဲ့ရုံး အလှူခံဌာနတွင် လာရောက် လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်ထားကြောင်း သိရသည်။

**(ကဆ)**

၀-၀-၀-၀-၀

## ရည်မှန်းချက်ပန်းတိုင်ကို အကောင်းဆုံးခြေလှမ်းများဖြင့် လှမ်းကိုင်နိုင်ခဲ့သူနှင့် တွေ့ဆုံခြင်း

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် ထူးချွန်ပြောင်မြောက်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုများသည် နောက်နောင်တက်ရောက်မည့် မောင်မယ်များအတွက် အားကျအတုယူဖွယ် စံနမူနာကောင်းများ ဖြစ်လာခဲ့ပါသည်။

စာပေထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာခြင်းသည် မိဘ၊ ဆရာသမားများအတွက်သာမက နိုင်ငံတော်အတွက်ပါ များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။ အဆိုပါ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအနက် သိပ္ပံတွဲဘာသာရပ်ဖြင့် စုစုပေါင်းရမှတ် ၅၅၀ မှတ်ရရှိကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့် (၁၀) ဆွတ်ခူးရရှိခဲ့သည့် ကျောင်းသူ မခင်ငြိမ်းစုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။

ထိုသို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့် (၁၀)ချိတ်ခဲ့သည့် သမီးဖြစ်သူ မခင်ငြိမ်းစုသည် မိသားစုတွင် အစ်ကိုတစ်ဦးရှိပြီး ၎င်းကိုယ်တိုင်မှာ အငယ်ဆုံးသမီးဖြစ်ကာ ခုံနံပါတ် မလမ-၃၆၆ ဖြင့် ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် လက်ရှိတွင် နေပြည်တော်၌ နေထိုင်ပြီး Grade 12 ပညာရေးကို မလှိုင်မြို့နယ်ရှိ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်းတွင် စနစ်တကျ တက်ရောက်သင်ကြားခဲ့သည်။ အဆိုပါ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း မှတစ်ဆင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ခြင်း ဖြစ်ပါသည်။ ၎င်း၏ အောင်မြင်မှုနောက်ကွယ်မှ ကြိုးပမ်းအားထုတ်မှုများ၊ ဘာသာရပ်အလိုက် လေ့လာမှတ်သားခဲ့သည့် နည်းစနစ်များနှင့် ရှေ့ဆက်လျှောက်လှမ်းမည့် အနာဂတ်မျှော်မှန်းချက်များနှင့်ပတ်သက်၍ မန္တလေးနေ့စဉ်သတင်းစာနှင့် မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဖော်ပြလိုက်ပါသည်။

**မေး**။ ။ Top 10 ထဲဝင်ဖို့ကို နှစ်စကတည်းမျှော်လင့်ပြီးတော့ လုပ်ဆောင်ခဲ့တာလား။

**ဖြေ**။ ။ မျှော်မှန်းထားတာမျိုးတော့မရှိပါဘူးရှင့်၊ ကိုယ်မှန်းထားတဲ့ တက္ကသိုလ်ကိုရရင်ကျေနပ်ပါပြီလို့တွေးထားခဲ့တာပါရှင့်၊ ဒါကလုံးဝမှန်းထားတဲ့ ရလဒ်မဟုတ်ပါဘူး၊ ဒီလိုမျိုးရလဒ်မျိုး ရရှိခဲ့တဲ့အတွက် အခုအထိ အိပ်မက်မက်နေတုန်းလိုပဲ ထင်နေပါသေးတယ်လို့ခံစားရပါတယ်။

**မေး**။ ။ အခုလိုအမှတ်တွေနဲ့ ဂုဏ်ထူးတွေရရှိအောင်ဘယ်လိုမျိုး ကြိုးစားလုပ်ဆောင်ခဲ့သလဲဆိုတာသိပါရစေ။




**ဖြေ**။ ။ ပြင်ဆင်ခဲ့တာကတော့ အချိန်အနေနဲ့ Grade 11 ပြီးကတည်းက Grade 12 စာတွေကို လေ့လာခဲ့ပါတယ်၊ အပြင်ကျူရှင်တွေတက်ပြီးတော့လဲ ကြိုလေ့လာခဲ့တယ်၊ နောက်ပြီး ကျောင်းကပေးတဲ့ Guide Line အတိုင်း လိုက်လုပ်ပြီးတော့ အားနည်းတဲ့ ဘာသာရပ်တွေကို ပိုပြီးတော့ အချိန်ပေးလုပ်ခဲ့တယ်၊ ကျောင်းမှာလည်း အစမ်းစာမေးပွဲက တစ်နေ့ခြားတစ်ခါ ဖြေရတာဆိုတော့ စာတွေအကုန်လုံးကို မျှမျှတတနဲ့လုပ်ခဲ့ပါတယ်။

**မေး**။ ။ တစ်ရက်ကိုစာလေ့လာချိန် ဘယ်လောက်ထားပြီးလုပ်ဆောင်ခဲ့ပါသလဲ။

**ဖြေ**။ ။ စာသင်ချိန်ပြီးရင် ကိုယ်ဘာသာကိုယ်စာကြည့်ချိန်အဖြစ် ငါးနာရီလောက် စာကြည့်ဖြစ်ပါတယ်။ မြန်မာစာဆိုရင် ခက်ဆစ်တို့ အလင်္ကာတို့ဆိုရင် ချရေးဖြစ်တယ်၊ Note တွေထုတ်ပြီးတော့ လုပ်ဖြစ်ပါတယ်၊ စာစီစာကုံးဆိုရင်တော့ တစ်နေ့ကို တစ်ပုဒ်ဖတ်ဖြစ်တယ်၊ အဲ့ဒီထဲက လှတဲ့စကားလုံး၊ စကားပုံတွေဆိုရင် စာအုပ်နဲ့မှတ်ထားပြီးတော့ ခဏခဏပြန်နွှေးဖြစ်ပါတယ်။ အင်္ဂလိပ်စာလဲ Essay နဲ့ Letter ကို တစ်နေ့ကို တစ်ပုဒ်စီဖတ်ပါတယ်၊ ကျက်တာမျိုးမဟုတ်ဘဲနဲ့ များ များ ဖတ်ပြီးမှတ်မိအောင်လုပ်ပါတယ်၊ သင်္ချာကိုတော့ ပုံနှိပ်ကိုပဲ သေချာတွက်ခဲ့တယ်၊ ပြီးမှ မေးခွန်းဟောင်းနဲ့အပြင်က သင်္ချာမေးခွန်းတွေကိုလေ့လာဖြစ်ပါတယ်။ Chemistry နဲ့ Physics ကျတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ဒီအတိုင်းပဲမကျက်ဘဲနဲ့ ကျောင်းသွားကျောင်းပြန်အချိန်တွေမှာ ဖတ်ပြီးလေ့လာခဲ့ပါတယ်။ တစ်မှတ်တန်တွေကို ပုံနှိပ်ထဲမှာ သတ်မှတ်ထားတဲ့အမှတ်စဉ်အလိုက်ပြတ်အောင် သေချာအာရုံစိုက်ဖတ်ပါတယ်၊ များများဖတ်တဲ့အလေ့အကျင့်ကိုပဲ ပြုလုပ်ခဲ့တာပါရှင့်၊ Bio ကျတော့လဲ သူငယ်ချင်းတွေနဲ့အတူ ကျက်မှတ်ခဲ့တာပါရှင့်။

**မေး**။ ။ သမီးရဲ့ အနာဂတ်ရည်မှန်းချက်ရှိရင်ပြောပြပေးပါဦး။

**ဖြေ**။ ။ သမီးအနေနဲ့က ဆေးတက္ကသိုလ်ကိုတက်မယ်လို့ မျှော်မှန်းထားပါတယ်၊ ဆေးတက္ကသိုလ်ရွေးရတာက ငယ်ငယ်ကတည်းက ဆရာဝန်အလုပ်ကိုမွန်မြတ်တယ်လို့ ထင်လို့ပါရှင့်၊ သူများတွေ နာကျင်နေတာကို ကိုယ်ချင်းစာပြီးတော့ သူတို့ရောဂါပျောက်ကင်းသွားအောင် ကုသပေးချင်တယ်၊ အဲ့ဒါကလဲ အတော်လေးကို မွန်မြတ်တဲ့ အလုပ်ဖြစ်တယ်လို့ခံစားမိလို့ပါရှင့်။

**မေး**။ ။ မောင်လေး၊ ညီမလေးတွေကိုအကြံပေးချင်တာရှိရင် ပြောပေးပါဦး။

**ဖြေ**။ ။ အဓိကမောင်လေး၊ညီမလေးတွေကို အကြံပြုချင်တာက တစ်နေ့စာတစ်နေ့ နှစ်စကတည်းကပိုင်အောင်လုပ်ပါ၊ စာမေးပွဲဆိုတာ ကြောက်စရာမဟုတ်တဲ့ လေ့လာထားသမျှအရာတွေကို ဘယ်လောက်ရလဲဆိုတာ ဆန်းစစ်တဲ့အရာလို့ပဲ သဘောထားပါ၊ အမှားတွေ တွေ့ရှိခဲ့ရင် အဲဒီထဲကသင်ခန်းစာယူပြီးတော့ တစ်နေ့စာတစ်နေ့လုပ်ပြီးတော့ ကျက်မှတ်လေ့လာသွားဖို့ပြောချင်ပါတယ်ရှင့်။

**မေး**။ ။ အားပေးခဲ့တဲ့ မိဘ၊ဆရာသမားတွေကို ဘာပြောချင်ပါလဲ။

**ဖြေ**။ ။ Grade 12 ဖြစ်တဲ့အလျှောက်စိတ်ဖိစီးမှုတွေက အနည်းနဲ့အများတော့ရှိခဲ့တာပေါ့၊ ဒါပေမယ့် အကုန်လုံးကိုကျော်လွှားနိုင်ခဲ့တာက ငယ်ငယ်ကတည်းက စိတ်ပိုင်းဆိုင်ရာတွေကို ဖြည့်ဆည်းပေးခဲ့တဲ့ မိဘနှစ်ပါးရော အားဖြည့်ကူညီပေးခဲ့ကြတဲ့ ဆွေမျိုးသားခြင်းတွေရော၊ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက သင်ကြားပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေအားလုံး၊ စာလုပ်တဲ့နေရာမှာဆွေးနွေးပေးတဲ့ သူငယ်ချင်းတွေအားလုံးကို ကျေးဇူးတင်ပါတယ်လို့ပြောချင်ပါတယ်၊

အခုလို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့် (၁၀) ဝင်အောင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူ မခင်ငြိမ်းစု၏ ကြိုးပမ်းအားထုတ်မှုများသည် နောက်နောင် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် မောင်မယ်များအတွက် အတုယူဖွယ် စံနမူနာကောင်းတစ်ခုဖြစ်သည့်အပြင် ၎င်းမျှော်မှန်းထားသည့်အတိုင်း မွန်မြတ်လှသော ဆရာဝန်တစ်ဦးဖြစ်လာကာ ပြည်သူလူထု၏ နာကျင်ခံစားရမှု ဝေဒနာများကို ကုသပေးနိုင်မည့် နိုင်ငံအကျိုးပြုလူငယ်တစ်ဦး ဖြစ်လာပါစေကြောင်း မန္တလေးနေ့စဉ်သတင်းစာမှ ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သတင်းဆောင်းပါး တင်ပြလိုက်ရပါသည်။

**မျိုးသန့်(မန္တလေး)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး

## 'ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခပ်၊ လောင်း၊ ထောင်၊ မြှုပ်၊ ဖွင့်၊ ရှင်း၊ မှုတ်'ဖြင့် သွေးလွန်တုပ်ကွေးကို ကာကွယ်ကြပါစို့

မိုးရာသီရောက်လျှင် မြန်မာနိုင်ငံတွင် နှစ်စဉ်လိုလို ကြားသိရသော ရောဂါတစ်ခုမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပါသည်။ အထူးသဖြင့် ကလေးငယ်များတွင် အဖြစ်များသော်လည်း လူကြီးများတွင်လည်း ဖြစ်ပွားနိုင်ပြီး အချို့လူနာများတွင် အသက်အန္တရာယ်ရှိသည်အထိ ပြင်းထန်နိုင်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် Dengue virus ကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါဖြစ်ပြီး Aedes aegypti နှင့် Aedes albopictus ခြင်များမှ တစ်ဆင့် ကူးစက်ပျံ့နှံ့တတ်ပါသည်။ ယင်းခြင်များသည် အများအားဖြင့် နေ့အချိန်တွင် ကိုက်တတ်ပြီး ရေသန့်သော နေရာများတွင် ပေါက်ပွားကြသောကြောင့် ခြင်ပေါက်ပွားရာနေရာများကို ဖယ်ရှားခြင်းသည် ရောဂါကာကွယ်ရေးအတွက် အရေးအပါဆုံး နည်းလမ်းဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါ၏ ရောဂါလက္ခဏာများတွင် ရုတ်တရက် အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်လုံးနောက်ပိုင်းနာကျင်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အဆစ်အမြစ်နာကျင်ခြင်း၊ အန်ခြင်း၊ ပျို့ခြင်း၊ အရေပြားတွင် အနီစက်များထွက်ပေါ်ခြင်းတို့ ဖြစ်သည်။ အချို့လူနာများတွင် သာမန်ဖျားနာသကဲ့သို့သာ ဖြစ်နိုင်သော်လည်း အချို့တွင် ပြင်းထန် သွေးလွန်တုပ်ကွေး (Severe Dengue) အဖြစ် ပြောင်းလဲနိုင်သည်။

သွေးလွန်တုပ်ကွေးရောဂါတွင် အဖျားကျချိန်သည် အန္တရာယ်အများဆုံးအချိန် ဖြစ်နိုင်ပါသည်။ အဖျားကျပြီးနောက် ဗိုက်နာခြင်း၊ အန်ခြင်းမရပ်ခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ သွားဖုံးသွေးယိုခြင်း၊ ဆီးနည်းလာခြင်း၊ လက်ခြေအေးလာခြင်း၊ အလွန်နုံးချိလာခြင်း စသည့်လက္ခဏာများ ပေါ်လာပါက ချက်ချင်း ဆေးရုံသို့ ပို့ဆောင်ကုသရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် စောစီးစွာသိရှိပြီး သင့်တော်သောကုသမှု ခံယူပါက လူနာအများစု ပြန်လည်ကောင်းမွန်နိုင်ပါသည်။ ရေဓာတ်လုံလောက်စွာ သောက်သုံးရန်၊ ဆရာဝန်ညွှန်ကြားချက်အတိုင်း ကုသမှုခံယူရန် အရေးကြီးပါသည်။ သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်ရာတွင် 'ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခပ်၊ လောင်း၊ ထောင်၊ မြှုပ်၊ ဖွင့်၊ ရှင်း၊ မှုတ်' ဆိုသော လူထုကျန်းမာရေး လှုပ်ရှားမှုသည် အလွန်ထိရောက်သော နည်းလမ်းဖြစ်ပါသည်။

**ဖုံး** ဆိုသည်မှာ ရေသိုလှောင်ထားသော ရေအိုးများ၊ ရေတိုင်ကီများ၊ ပုံးများနှင့် စည်ပိုင်းများကို အဖုံးလုံလုံခြုံခြုံဖုံးထားခြင်း ဖြစ်သည်။ ခြင်များသည် ရေမျက်နှာပြင်ပေါ်တွင် ဥချတတ်သောကြောင့် အဖုံးတပ်ထားခြင်းဖြင့် ခြင်ပေါက်ပွားမှုကို တားဆီးနိုင်သည်။

**သွန်** ဆိုသည်မှာ အသုံးမလိုသော ရေကျန်နေသည့် ဘူးခွံများ၊ ပုလင်းခွံများ၊ တာယာဟောင်းများ၊ ပန်းအိုးအောက်ခံခွက်များနှင့် ရေစုနေသော အခြားပစ္စည်းများမှ ရေများကို သွန်ပစ်ခြင်းဖြစ်သည်။

**လဲ** ဆိုသည်မှာ ပန်းအိုးရေ၊ ဘုရားပန်းအိုးရေ၊ အိမ်မွေးတိရစ္ဆာန်ရေခွက်များကို ပုံမှန်လဲလှယ်ပေးခြင်း ဖြစ်သည်။ ရေကို သွန်ပြီး ပြန်ဖြည့်သည့်အခါ အိုးနံရံများကိုလည်း တိုက်ချွတ်ပေးသင့်သည်။

**စစ်** ဆိုသည်မှာ အိမ်နှင့် ပတ်ဝန်းကျင်တွင် ခြင်ပေါက်ပွားနိုင်သော နေရာများ ရှိ၊ မရှိကို အနည်းဆုံး တစ်ပတ်တစ်ကြိမ် စစ်ဆေးခြင်း ဖြစ်သည်။

**ခပ်** ဆိုသည်မှာ ရေအိုးများ၊ ရေကန်များတွင် လောက်လမ်းများ တွေ့ရှိပါက ခပ်ထုတ် ဖယ်ရှားခြင်း သို့မဟုတ် ငါးများ မွေးမြူခြင်း ဖြစ်သည်။

**လောင်း** ဆိုသည်မှာ ကျန်းမာရေးဌာနမှ အကြံပြုထားသော Abate (Temephos) ကဲ့သို့သော ပိုးလောက်လမ်း သေစေသော ဆေးများကို သတ်မှတ်ပမာဏအတိုင်း ရေလှောင်ကန်များတွင် လောင်းထည့်ခြင်းဖြစ်သည်။

**ထောင်** ဆိုသည်မှာ ခြင်ထောင်ထောင်၍ အိပ်ခြင်းဖြစ်သည်။ အထူးသဖြင့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ဖျားနာနေသူများကို ခြင်ကိုက်မခံရအောင် ဂရုပြုရမည်။

**မြှုပ်** ဆိုသည်မှာ အသုံးမလိုတော့သော ဘူးခွံများ၊ အုန်းခွံများ၊ တာယာဟောင်းများနှင့် ရေစုနိုင်သော ပစ္စည်းများကို မြေမြှုပ်ခြင်း သို့မဟုတ် စနစ်တကျ စွန့်ပစ်ခြင်း ဖြစ်သည်။

**ဖွင့်** ဆိုသည်မှာ မြောင်းများ၊ ရေထွက်ပေါက်များကို ပိတ်ဆို့မနေစေရန် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ရေစီးရေလာ ကောင်းမွန်စေခြင်းဖြင့် ခြင်ပေါက်ပွားမှုကို လျှော့ချနိုင်သည်။

**ရှင်း** ဆိုသည်မှာ အိမ်ပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ အမှိုက်များ၊ ရေစီးပိတ်ဆို့စေသော အရာများကို ရှင်းလင်းခြင်းဖြစ်သည်။ ခြင်များခိုအောင်းနေထိုင်ရာ နေရာများကို လျှော့ချပေးနိုင်သည်။

**မှုတ်** ဆိုသည်မှာ လိုအပ်သည့်အခါ ကျန်းမာရေးဌာန၏ လမ်းညွှန် ချက်နှင့်အညီ ခြင်ဆေးမှုတ်ခြင်း (Fogging) ဖြစ်သည်။ သို့သော် ခြင်ဆေးမှုတ်ခြင်းတစ်ခုတည်းဖြင့် မလုံလောက်ဘဲ ခြင်ပေါက်ပွားရာ နေရာများကို ဖယ်ရှားခြင်းနှင့် တွဲဖက်ဆောင်ရွက်ရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးသည် မိသားစုတိုင်း၊ အိမ်ထောင်စုတိုင်း၊ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း၊ ကျောင်းတိုင်း၊ ရုံးတိုင်းက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည် ဖြစ်သည်။ ခြင်တစ်ကောင်ပေါက်ပွားရန် ရေအနည်းငယ်သာ လိုအပ်သော်လည်း လူတစ်ဦး၏ အသက်ကို အန္တရာယ်ဖြစ်စေနိုင်သည်ကို သတိပြုရပါမည်။

ထို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်ရန်အတွက် 'ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခပ်၊ လောင်း၊ ထောင်၊ မြှုပ်၊ ဖွင့်၊ ရှင်း၊ မှုတ်' ကို အပတ်စဉ် ပုံမှန်ဆောင်ရွက်ကြပါစို့။ ခြင်ပေါက်ပွားရာ နေရာများကို ဖယ်ရှား၍ သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်ပြီး ကျန်းမာသော မိသားစု၊ ကျန်းမာသော လူမှုအသိုက်အဝန်းကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။


References

1. World Health Organization (WHO). Dengue and Severe Dengue. Fact Sheet, 2025.

2. World Health Organization. Global Strategy for Dengue Prevention and Control.

3. Centers for Disease Control and Prevention (CDC). Dengue: Symptoms, Prevention and Control, 2025.

4. Ministry of Health, Myanmar. Dengue Hemorrhagic Fever Prevention and Control Guidelines.

5. UNICEF. Community-based Dengue Prevention and Vector Control Programmes.


**မန္တလာ ဆရာမျိုး**

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်လှစ်

**တောင်တွင်းကြီး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ဖြိုးထက်ထက်အောင်က ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး ဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ စသည့် ဘာသာရပ်များကို သင်ကြားပို့ချ သွားမည်ဖြစ်ကာ သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး သင်တန်းကို (၂) ရက်ကြာ သင်ကြားပို့ချခဲ့ ကြောင်းသိရသည်။

(ဝဲပုံ)

**နောင်နောင်(မိဿနိုးမြေ)**

o-o-o-o-o

## မျိုးစေ့ချကိရိယာဖြင့် မိုးစပါး ရောမင်းစိုက်ပျိုးခြင်းသရုပ်ပြ

**ဝမ်းတွင်း ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၌ Kubota ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ(10 Rows Seeder)ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြခြင်းကို ယနေ့နံနက် ၁၀ နာရီက အင်ကန်းကုန်းကျေးရွာ ကွင်းအမှတ် ၁၂၅၂/၂၀၆၁၊ ဦးပိုင်အမှတ် ၅၂/၁ ရှိ တောင်သူဦးသန်းလွင်၏ လယ်မြေ နှစ်ဧကတွင် ကျင်းပသည်။



မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာစေရန်နှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ Kubota ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ (10 Rows Seeder) ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြခြင်းကို ကျင်းပရာတွင် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ထက်ဇော်က စပါးမျိုးစေ့ချကိရိယာ (10 Rows Seeder) ဖြင့် စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စက်ပိုင်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိပြုရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စပါးမျိုးစေ့ချကိရိယာ(10 Rows Seeder) ဖြင့် မိုးစပါး(ရောမင်း)စိုက်ပျိုးခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အင်းခမ်းကြီးကျေးရွာ၊ အင်ကန်းကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

o-o-o-o-o

# တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီဝင်များ တွေ့ဆုံ



**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်၊ တိုင်းဒေသကြီးပါတီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ကော်မတီဝင်များ၊ ရပ်ကွက်ပါတီဥက္ကဋ္ဌများ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီခွဲက ၃၅လမ်းနှင့်၈၆လမ်းထောင့်ရှိ ချမ်းအေးသာစံမြို့နယ် ပါတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်၊ တိုင်းဒေသကြီး ပါတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ချမ်းအေးသာစံမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မဟာအောင်မြေမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ပါတီကော်မတီဝင်များ၊ မဟာအောင်မြေခရိုင် ပါတီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် ကော်မတီဝင်များ၊ ချမ်းအေးသာစံမြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးနှင့် မြို့နယ်ကော်မတီဝင်များ၊ မဟာအောင်မြေပါတီခေတ္တဥက္ကဋ္ဌ ဦးကိုကြီးနှင့် မြို့နယ်ကော်မတီဝင်များ၊ ရပ်ကွက်ပါတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်တိုင်းဒေသကြီး ပါတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ပါတီဗဟိုမှ လမ်းညွှန်ချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ပါတီတွင်းစည်းလုံးညီညွတ်ရေး၊ ပါတီဝင်အင်အားတိုးပွားရေးကို ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူ့အကျိုးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူလူထု၏တင်ပြချက်များကို အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တိုင်းဒေသကြီးပါတီဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့တွေ့ဆုံပွဲသို့ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့မှ မြို့နယ်ပါတီကော်မတီဝင်များ၊ ရပ်ကွက်ပါတီဥက္ကဋ္ဌများ စုစုပေါင်းအင်အား ၉၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၄၁)**

# အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့်နံရံကပ်စာစောင်ပြပွဲဆောင်ရွက်ခြင်းတို့ကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အသိပညာပေးဟောပြောပွဲဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာချိုက ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေများကိုလည်း လေ့လာဖတ်ရှုစေလိုကြောင်း၊ စာအုပ်စာပေဖတ်ရှုလေ့လာခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာတိုးပွားလာစေမည်ဖြစ်ကြောင်း စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်သူဇာစိုး၊ ဒုတိယဦးစီးမှူး ဒေါ်ဇင်ယုခိုင်တို့က လူငယ်နှင့်မူးယစ်ဆေး၊ ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ကျောင်းသား၊ ကျောင်းသူများ စာငှားကတ်ပြုလုပ်၍ စာအုပ်စာပေများ ငှားရမ်းနိုင်ရေးတို့အား မိတ်ဆက်အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များပြသခြင်း၊ (၁၉) ဇူလိုင်မမေ့နိုင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်နှင့်ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးနံရံကပ်စာစောင်များပြသခြင်းတို့ဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

**(၄၈၁)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နှလုံးသားကို အလှဆင်ပါ

* ရတနာစိန်ရွှေ နီလာငွေခက်
မသွေဆက်နှင်း ပုလဲဝင်းဝါ
ဆင်မြန်းပါလည်း မျက်နှာကြည်မြ
မရွှင်ပျသော် အလှမမည်
နှံ့နည်းသည်။

* ကြည်သာတင့်ဆုံး ရွှင်ပြုံးမြမြ
စိတ်ထားလှသူ မည်သူမဆို
ကူညီလိုသူ ရည်တူမျှတ
ဖေးမလက်တွဲ ကိုယ်ချင်းလည်းစာ
အကြင်နာထွေး မေတ္တာပေးသူ
သင်ဖြစ်လျှင်မူ သင်၏အပြုံး
အလှဆုံးပါ နှလုံးသားလှ
လောကကိုပင် အလှဆင်၏။ ။

**မြခြူးအိမ်(ကိုလေး)**

# မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန၌ စာရေးဆရာအောင်သင်း၏ လူငယ်ရဲ့ဘဝနှင့် တန်ဖိုး စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက မန္တလေးခရိုင်အတွင်းရှိ မြို့နယ်စာရေးဆရာအသင်းအဖွဲ့များနှင့် စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စာရေးဆရာအောင်သင်း၏ "လူငယ်ရဲ့ဘဝနှင့်တန်ဖိုး" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဆရာမသင်းသင်း(မန္တလာ)၊ စာရေးဆရာမြန်နွှာ(ဉာဏ်ဝေ)၊ မြန်မာမှုအေးပေါ်၊ ဦးရည်မွန်အောင်၊ စာရေးဆရာမစု(စံဇစံ)နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က စာရေးဆရာအောင်သင်းရေးသားထားသော "လူငယ်ရဲ့ဘဝနှင့်တန်ဖိုး" စာအုပ်မှ ပါရှိသည့် အကြောင်းအရာများအား ဆွေးနွေးပြောကြားခဲ့ရာ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် တက်ရောက်လာသည့် မြို့နယ် စာရေးဆရာအသင်းအဖွဲ့များ၊ စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များက သိရှိလိုသည်များအား အသီးသီးမေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**






## အခွန်ဌာန၊ ဘီးလိမ့်ခွန်ကောက်ခံရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အမျိုးအစား | တိုးမြှင့်ကောက်ခံမည့်နှုန်းထား | | | မှတ်ချက် |
|---|---|---|---|---|---|
| | | (၁)နှစ် | စီးပွားသုံး (၁)နှစ် / ကိုယ်ပိုင်(၂)နှစ် | (၃)နှစ် | |
| ၁ | မော်တော်ဆိုင်ကယ် | ၅၀၀၀ိ/- | ၁၀၀၀ိ/- | - | |
| ၂ | ၆၆၀ CC အောက် | ၃၆၅၀၀ိ/- | ၇၃၀၀ိ/- | ၁၀၉၅၀ိ/- | |
| ၃ | ၆၆၀ CC မှ ၁၃၀၀ CC ထိ | ၅၄၇၅ိ/- | ၁၀၉၅၀ိ/- | ၁၆၄၂၅ိ/- | |
| ၄ | ၁၃၀၁ CC မှ ၂၀၀၀ CC ထိ | ၇၃၀၀ိ/- | ၁၄၆၀၀ိ/- | ၂၁၉၀၀ိ/- | |
| ၅ | ၂၀၀၁ CC မှ ၄၃၀၀ CC ထိ | ၉၁၂၅ိ/- | ၁၈၂၅၀ိ/- | ၂၇၃၇၅ိ/- | |
| ၆ | ၄၃၀၁ CC အထက် | ၁၀၉၅၀ိ/- | ၂၁၉၀၀ိ/- | ၃၂၈၅၀ိ/- | |
| ၇ | သုံးဘီးဆိုင်ကယ်နှင့် ထော်လာဂျီ | အင်ဂျင်ပါဝါဖြင့်ကောက်ခံ | | | |

## ဒဏ်ကြေးနှုန်းထား

| စဉ် | အင်ဂျင်ပါဝါ | စီးပွားသုံးမဟုတ်သည့် ကိုယ်ပိုင်မော်တော်ယာဉ် | | | စီးပွားသုံး အငှားမော်တော်ယာဉ် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ကောက်ခံနှုန်း(ကျပ်) | (၇၅%) လျှော့ပေါ့နှုန်း(ကျပ်) | (၂၅%) ကောက်ခံနှုန်း (ကျပ်) | (၁)နှစ် နှုန်း (ကျပ်) | (၇၅%) လျှော့ပေါ့နှုန်း (ကျပ်) | (၂၅%) ကောက်ခံနှုန်း (ကျပ်) | |
| ၁။ | 1 Kilo Watt မှ 52.21 Kilo Watt အထိ ၆၀၀ CC အောက် | ၈၀၀၀/- | ၆၀၀၀/- | ၂၀၀၀/- | ၄၀၀၀/- | ၃၀၀၀/- | ၁၀၀၀/- | |
| ၂။ | 52.22 Kilo Watt မှ 67.89 Kilo Watt အထိ ၆၀၀ CC မှ ၁၃၀၀ CC ထိ | ၁၀၀၀၀/- | ၇၅၀၀/- | ၂၅၀၀/- | ၆၀၀၀/- | ၄၅၀၀/- | ၁၅၀၀/- | |
| ၃။ | 67.90 Kilo Watt မှ 104.44 Kilo Watt အထိ ၁၃၀၁ CC မှ ၂၀၀၀ CC ထိ | ၁၂၀၀၀/- | ၉၀၀၀/- | ၃၀၀၀/- | ၈၀၀၀/- | ၆၀၀၀/- | ၂၀၀၀/- | |
| ၄။ | 104.45 Kilo Watt မှ 224.55 Kilo Watt အထိ ၂၀၀၁ CC မှ ၄၃၀၀ CC ထိ | ၁၄၀၀၀/- | ၁၀၅၀၀/- | ၃၅၀၀/- | ၁၀၀၀၀/- | ၇၅၀၀/- | ၂၅၀၀/- | |
| ၅။ | 224.56 Kilo Watt နှင့်အထက် ၄၃၀၁ CC နှင့် အထက် | ၁၆၀၀၀/- | ၁၂၀၀၀/- | ၄၀၀၀/- | ၁၂၀၀၀/- | ၉၀၀၀/- | ၃၀၀၀/- | |
| ၆။ | မော်တော်ဆိုင်ကယ် | ၃၀၀၀/- | ၂၂၅၀/- | ၇၅၀/- | - | - | - | |

မှတ်ချက်။ ယာဉ်၏သက်တမ်းမှာ ကု.ည.န ၏ သက်တမ်းအတိုင်းဖြစ်ပါသည်။

## အခွန်ဌာန၊ ဘီးလိမ့်ခွန်ကောက်ခံရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အမျိုးအစား | တိုးမြှင့်ကောက်ခံမည့်နှစ်လွန်ကြေး/ ကတ်ဟောင်းမပါ ဒဏ်ကြေးနှုန်းထား | | | မှတ်ချက် |
|---|---|---|---|---|---|
| | | စီးပွားရေးသုံးမဟုတ်သည့် ကိုယ်ပိုင် မော်တော်ယာဉ် | စီးပွားရေးသုံးအငှား မော်တော်ယာဉ် (၁)နှစ် | စီးပွားရေးသုံးအငှား မော်တော်ယာဉ် (၂)နှစ် | |
| ၁ | မော်တော်ဆိုင်ကယ် | ၆၀၀ိ/- | - | - | |
| ၂ | ၆၆၀ CC အောက် | ၈၀၀ိ/- | ၄၀၀ိ/- | ၈၀၀ိ/- | |
| ၃ | ၆၆၀ CC မှ ၁၃၀၀ CC ထိ | ၁၀၀၀ိ/- | ၆၀၀ိ/- | ၁၂၀၀ိ/- | |
| ၄ | ၁၃၀၁ CC မှ ၂၀၀၀ CC ထိ | ၁၂၀၀ိ/- | ၈၀၀ိ/- | ၁၆၀၀ိ/- | |
| ၅ | ၂၀၀၁ CC မှ ၄၃၀၀ CC ထိ | ၁၄၀၀ိ/- | ၁၀၀၀ိ/- | ၂၀၀၀ိ/- | |
| ၆ | ၄၃၀၁ CC အထက် | ၁၆၀၀ိ/- | ၁၂၀၀ိ/- | ၂၄၀၀ိ/- | |

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် EV မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်များအား ကောက်ခံမည့်နှုန်းထား

| စဉ် | အင်ဂျင်ပါဝါ | တစ်နှစ် နှုန်း(ကျပ်) | (၇၅%) လျှော့ပေါ့ နှုန်း(ကျပ်) | (၂၅%) ကောက်ခံ နှုန်း(ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | 1 Kilo Watt မှ 52.21 Kilo Watt အထိ ၆၀၀ CC အောက် | ၃၆၅၀၀/- | ၂၇၃၇၅/- | ၉၁၂၅/- | |
| ၂။ | 52.22 Kilo Watt မှ 67.89 Kilo Watt အထိ ၆၀၀ CC မှ ၁၃၀၀ CC ထိ | ၅၄၇၅၀/- | ၄၁၀၆၂/၅၀ပြား | ၁၃၆၈၇/၅၀ပြား | |
| ၃။ | 67.90 Kilo Watt မှ 104.44 Kilo Watt အထိ ၁၃၀၁ CC မှ ၂၀၀၀ CC ထိ | ၇၃၀၀၀/- | ၅၄၇၅၀/- | ၁၈၂၅၀/- | |
| ၄။ | 104.45 Kilo Watt မှ 224.55 Kilo Watt အထိ ၂၀၀၁ CC မှ ၄၃၀၀ CC ထိ | ၉၁၂၅၀/- | ၆၈၄၃၇/၅၀ပြား | ၂၂၈၁၂/၅၀ပြား | |
| ၅။ | 224.56 Kilo Watt နှင့်အထက် ၄၃၀၁ CC နှင့် အထက် | ၁၀၉၅၀၀/- | ၈၂၁၂၅/- | ၂၇၃၇၅/- | |
| ၆။ | မော်တော်ဆိုင်ကယ် | ၅၀၀၀/- | ၃၇၅၀/- | ၁၂၅၀/- | |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မန္တလေးမြို့အဝင် လမ်းအသုံးပြုခကောက်ခံခွင့်လုပ်ငန်း၌ ပြင်ဆင်ကောက်ခံမည့်နှုန်းထားများ

| စဉ် | ယာဉ်အမျိုးအစား | ကွန်ပျူတာ စနစ်ရှိ Class No | ကုန်မပါ | | | | ကုန်ပါ | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | လမ်းအသုံးပြုခ | တန်ပိုကြေး | မြို့ဝင်ကြေး | ပေါင်း | လမ်းအသုံးပြုခ | တန်ပိုကြေး | မြို့ဝင်ကြေး | ပေါင်း |
| ၁ | ထော်လာဂျီ(အသေး) | 1 | ၄၀ိ/- | - | - | ၄၀ိ/- | ၁၀၀ိ/- | - | - | ၁၀၀ိ/- |
| ၂ | ထော်လာဂျီ(အကြီး) | 2 | ၄၀ိ/- | - | - | ၄၀ိ/- | ၂၀၀ိ/- | - | - | ၂၀၀ိ/- |
| ၃ | အိမ်စီးယာဉ်များ | 3 | ၄၀ိ/- | - | - | ၄၀ိ/- | ၄၀ိ/- | - | - | ၄၀ိ/- |
| ၄ | ဟိုင်းလတ်၊ တောင်းအေးစ်၊လိုက်ထရပ် | 6 | ၆၀ိ/- | - | - | ၆၀ိ/- | ၁၀၀ိ/- | - | - | ၁၀၀ိ/- |
| ၅ | ခရီးသည်(၃၀)ယောက်စီးယာဉ် | 7 | ၃၀၀ိ/- | - | ၁၀၀ိ/- | ၄၀၀ိ/- | ၃၀၀ိ/- | - | ၁၀၀ိ/- | ၄၀၀ိ/- |
| ၆ | ခရီးသည်(၄၅)ယောက်စီးယာဉ် | 8 | ၅၀၀ိ/- | - | ၁၀၀ိ/- | ၆၀၀ိ/- | ၅၀၀ိ/- | - | ၁၀၀ိ/- | ၆၀၀ိ/- |
| ၇ | ခရီးသည်(၅၅)ယောက်စီးယာဉ် | 9 | ၆၀၀ိ/- | ၃၀၀ိ/- | ၁၀၀ိ/- | ၁၀၀၀ိ/- | ၆၀၀ိ/- | ၃၀၀ိ/- | ၁၀၀ိ/- | ၁၀၀၀ိ/- |
| ၈ | ဒိုင်နာ (၁၀)ပေ | 10 | ၁၀၀ိ/- | - | ၁၀၀ိ/- | ၂၀၀ိ/- | ၃၀၀ိ/- | - | ၁၀၀ိ/- | ၄၀၀ိ/- |
| ၉ | ဒိုင်နာ (၁၄)ပေ | 11 | ၁၂၀ိ/- | - | ၁၀၀ိ/- | ၂၂၀ိ/- | ၄၀၀ိ/- | - | ၁၀၀ိ/- | ၅၀၀ိ/- |
| ၁၀ | ဒိုင်နာ (၁၆)ပေ | 12 | ၁၅၀ိ/- | - | ၁၀၀ိ/- | ၂၅၀ိ/- | ၅၀၀ိ/- | - | ၁၀၀ိ/- | ၆၀၀ိ/- |
| ၁၁ | (၆)ဘီးယာဉ် | 13 | ၂၄၀ိ/- | - | ၁၀၀ိ/- | ၃၄၀ိ/- | ၅၂၀ိ/- | - | ၁၀၀ိ/- | ၆၂၀ိ/- |
| ၁၂ | (၈)ဘီးယာဉ် | 14 | ၃၀၀ိ/- | - | ၁၀၀ိ/- | ၄၀၀ိ/- | ၆၀၀ိ/- | - | ၁၀၀ိ/- | ၇၀၀ိ/- |
| ၁၃ | (၁၀)ဘီးယာဉ် | 15 | ၃၀၀ိ/- | - | ၁၀၀ိ/- | ၄၀၀ိ/- | ၆၀၀ိ/- | ၂၄၀ိ/- | ၁၀၀ိ/- | ၉၄၀ိ/- |
| | (၁၀)ဘီးယာဉ် (ဘီးခွန်ပါ) | 25 | ၃၀၀ိ/- | | | ၃၀၀ိ/- | ၆၀၀ိ/- | ၂၄၀ိ/- | | ၈၄၀ိ/- |
| ၁၄ | (၁၂)ဘီးယာဉ် | 16 | ၄၀၀ိ/- | - | ၁၀၀ိ/- | ၅၀၀ိ/- | ၆၀၀ိ/- | ၄၈၀ိ/- | ၁၀၀ိ/- | ၁၁၈၀ိ/- |
| | (၁၂)ဘီးယာဉ် (ဘီးခွန်ပါ) | 26 | ၄၀၀ိ/- | | | ၄၀၀ိ/- | ၆၀၀ိ/- | ၄၈၀ိ/- | | ၁၀၈၀ိ/- |
| ၁၅ | (၁၄)ဘီးယာဉ် | 17 | ၄၄၀ိ/- | - | ၁၀၀ိ/- | ၅၄၀ိ/- | ၆၀၀ိ/- | ၆၆၀ိ/- | ၁၀၀ိ/- | ၁၃၆၀ိ/- |
| | (၁၄)ဘီးယာဉ် (ဘီးခွန်ပါ) | 27 | ၄၄၀ိ/- | | | ၄၄၀ိ/- | ၆၀၀ိ/- | ၆၆၀ိ/- | | ၁၂၆၀ိ/- |
| ၁၆ | (၁၈)ဘီးယာဉ် | 18 | ၅၀၀ိ/- | - | ၁၀၀ိ/- | ၆၀၀ိ/- | ၆၀၀ိ/- | ၁၆၀၀ိ/- | ၁၀၀ိ/- | ၂၃၀၀ိ/- |
| | (၁၈)ဘီးယာဉ် (ဘီးခွန်ပါ) | 28 | ၅၀၀ိ/- | | | ၅၀၀ိ/- | ၆၀၀ိ/- | ၁၆၀၀ိ/- | | ၂၂၀၀ိ/- |
| ၁၇ | (၂၂)ဘီးယာဉ် | 19 | ၆၀၀ိ/- | - | ၁၀၀ိ/- | ၇၀၀ိ/- | ၆၀၀ိ/- | ၁၈၆၀ိ/- | ၁၀၀ိ/- | ၂၅၆၀ိ/- |
| | (၂၂)ဘီးယာဉ် (ဘီးခွန်ပါ) | 29 | ၆၀၀ိ/- | | | ၆၀၀ိ/- | ၆၀၀ိ/- | ၁၈၆၀ိ/- | | ၂၄၆၀ိ/- |
| ၁၈ | (၂၆)ဘီးယာဉ် | 20 | ၆၀၀ိ/- | ၆၀ိ/- | ၁၀၀ိ/- | ၇၆၀ိ/- | ၆၀၀ိ/- | ၂၁၄၀ိ/- | ၁၀၀ိ/- | ၂၈၄၀ိ/- |
| | (၂၆)ဘီးယာဉ် (ဘီးခွန်ပါ) | 30 | ၆၀၀ိ/- | | | ၆၀၀ိ/- | ၆၀၀ိ/- | ၂၁၄၀ိ/- | | ၂၇၄၀ိ/- |

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုးမြှင့်ကောက်ခံမည့်လေလံနှုန်းထားများ

| စဉ် | အကြောင်းအရာ | တိုးမြှင့်ကောက်ခံမည့်နှုန်းထား |
|---|---|---|
| ၁ | **စက်ဘီး/ဆိုင်ကယ်/ကားအပ်နှံခကောက်ခံခွင့်** | |
| | စက်ဘီး(တစ်ကြိမ်) | ၂၀ဝိ/- |
| | ဆိုင်ကယ်(တစ်ကြိမ်) | ၆၀ဝိ/- |
| | ကား | ၁၀၀ဝိ/- |
| ၂ | ရေချိုး/အိမ်သာအသုံးပြုခကောက်ခံခွင့်(တစ်ကြိမ်) | ၂၀ဝိ/ |
| | ရေချိုး/အိမ်သာအသုံးပြုခကောက်ခံခွင့်အဆင့်မြင့်(တစ်ကြိမ်) | ၅၀ဝိ/- |
| ၃ | **ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်** | |
| | ကား(တစ်နာရီလျှင်) | ၄၀ဝိ/- |
| | ဆိုင်ကယ် (တစ်နာရီလျှင်) | ၂၀ဝိ/- |
| | ၈၄လမ်းအရှေ့ဘက်ခြမ်း၊ (၂၆×၂၈)လမ်းကြားအရှေ့ဘက်နှင့် ၂၈လမ်းမြောက်ဘက်ခြမ်း၊ (၈၄×၈၅)လမ်းကြား (၁နာရီ)လျှင် | ၁၀၀ဝိ/- |
| ၄ | **ဆိပ်ကမ်းခွန်(ယာဉ်ရပ်နား+လမ်းဘေးဈေးကောက်)** | |
| | ၁ တန်အောက် ထော်လာဂျီနှင့် အလားတူ | ၂၀ဝိ/- |
| | ၁ တန်မှ ၃ တန်အထိ | ၄၀ဝိ/- |
| | ၃ တန်မှ ၅ တန်အထိ | ၆၀ဝိ/- |
| | ၅ တန်အထက် | ၁၀၀ဝိ/- |
| | လမ်းဘေးဈေးဆိုင်ကြီး | ၄၀ဝိ/- |
| | လမ်းဘေးဈေးဆိုင်ငယ် | ၂၀ဝိ/- |
| ၅ | **လမ်းဘေးဈေးကောက်ကောက်ခံခွင့်** | |
| | အကျယ်(၄'×၄') | ၂၀ဝိ/- |
| | အကျယ်(၄'×၈') | ၄၀ဝိ/- |
| | အကျယ်(၈'×၈') | ၆၀ဝိ/- |
| | (၈'×၈')အထက် | ၈၀ဝိ/- |

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုက်ခန်းလခတိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အကြောင်းအရာ | တိုးမြှင့်(၁)ခန်းလျှင် (၁)လကောက်ခံမည့် နှုန်းထား(ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၁ | ၈၆လမ်းတိုက်ခန်း (၁)ခန်း၊ (၁)လ | ၁၀၀၀ဝိ/- | |
| ၂ | ကမ်းနားလမ်းတိုက်ခန်း (၁)ခန်း၊ (၁)လ | ၁၅၀၀ဝိ/- | |
| ၃ | ကျွဲဆည်ကန်တိုက်ခန်း (၁)ခန်း၊ (၁)လ | ၂၀၀၀ဝိ/- | |
| ၄ | သိပ္ပံရိပ်မွန်တိုက်ခန်း (၁)ခန်း၊ (၁)လ | ၂၀၀၀ဝိ/- | |
| ၅ | မြို့တော်တိုက်ခန်းပါ(၃) | ၁၅၀၀ဝိ/- | |
| ၆ | ၄၁လမ်းတိုက်ခန်း | | |
| | (၂၄'×၄၀') | ၂၅၀၀ဝိ/- | |
| | (၁၆'×၄၀') | ၂၀၀၀ဝိ/- | |
| ၇ | **ဈေးချိုပွဲရုံတန်း** | | |
| | (၂၄'×၃၅') | ၅၀၀၀ဝိ/- | |
| | (၁၅'×၅၀') | ၃၅၀၀ဝိ/- | |
| | (၂၀'×၂၅') | ၃၀၀၀ဝိ/- | |
| | (၇'၅"×၅၀') | ၂၅၀၀ဝိ/- | |
| | (၇'၅"×၂၂') | ၂၀၀၀ဝိ/- | |
| | ဈေးချိုပွဲရုံတန်းလိုင်စင်သက်တမ်းတိုးခ | ၃၅၀၀ဝိ/- | |

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် လ.ဘ.ဆ ဆိုင်ခန်းများ၊ ယာဉ်ရပ်နားခ၊ မျဉ်းဝါ၊ မြေနှင့်အဆောက်အဦငှားခ တိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အကြောင်းအရာ | တိုးမြှင့်(၁)ခန်းလျှင် (၁)နှစ်/(၁)လကောက်ခံမည့်နှုန်းထား(ကျပ်) | မှတ်ချက် |
|---|---|---|---|
| ၈ | **လ·ဘ·ဆ ဆိုင်ခန်းများ** | | |
| | (၅)မြို့နယ် လ·ဘ·ဆ အတည်ဆိုင်ခန်း (၁)ခန်း(၁)နှစ် | ၃၆၀၀၀ဝိ/- | |
| | သင်္ကျသီဟာဘုရားဘေးရှိ လ·ဘ·ဆ အတည်ဆိုင်ခန်း(၁)ခန်း(၁)နှစ် | ၅၅၀၀၀ဝိ/- | |
| ၉ | ယာဉ်ရပ်နားခ(ယာယီယာဉ်ရပ်နားရန် မြေနေရာငှားရမ်းခ | ၃၅ဝိ/- | |
| ၁၀ | မျဉ်းဝါ | ၃၅၀၀ဝိ/- | |
| ၁၁ | မြေနှင့်အဆောက်အဦငှားရမ်းခ (AYA Bank, CB Bank) (၁)နှစ်စာ | ၃၀% | |
| ၁၂ | ဈေးချိုခန်းမအောက်ဆိုင်ခန်း(၁၄)ခန်း (ရတနာသိန်းထိုက်အောင်ထီဆိုင်အပါ) | ၂၀% | |
| ၁၃ | ဃ/၄ (၄၀×၆၀) မြေငှား | ၂၀% | |

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အကြောင်းအရာ | အရေအတွက် | တိုးမြှင့်ကောက်ခံမည့်နှုန်းထား |
|---|---|---|---|
| ၁ | **အုတ်၊ ထုံး၊ သဲ၊ ကျောက် (၁)နှစ်အတွက်** | | |
| | (၅)တန်နှင့်အထက်ယာဉ် | (၁)စီး | ၆၀၀၀၀ဝိ/- |
| | (၃)တန်မှ (၅)တန်အောက်ယာဉ် | ။ | ၄၀၀၀၀ဝိ/- |
| | (၃)တန်အောက်ယာဉ် | ။ | ၃၀၀၀၀ဝိ/- |
| | ထော်လာဂျီယာဉ် | ။ | ၁၅၀၀၀ဝိ/- |
| ၂ | **Box ယာဉ် (၁)နှစ်အတွက်** | (၁)စီး | ၆၀၀၀၀ဝိ/- |
| | Box ယာဉ်(၃)တန်အထက်မှ (၁၀)ဘီးယာဉ် | ။ | ၁၂၀၀၀၀ဝိ/- |
| | Box ယာဉ် (၁၂)ဘီးမှ (၂၂)ဘီးယာဉ် | ။ | ၂၄၀၀၀၀ဝိ/- |
| | ကရိန်းယာဉ်(၃)တန်မှ (၅)တန်ထိ (၁)နှစ်အတွက် | ။ | ၆၀၀၀၀ဝိ/- |
| | ကရိန်းယာဉ်(၅)တန်မှ (၁၀)တန်ထိ (၁)နှစ်အတွက် | ။ | ၁၂၀၀၀၀ဝိ/- |
| | ကရိန်းယာဉ်(၁၀)တန်အထက် (၁)နှစ်အတွက် | ။ | ၁၇၀၀၀၀ဝိ/- |
| | (၃)တန်အထက်ယာဉ် (၁)ရက်အတွက် | ။ | ၅၀၀၀ဝိ/- |
| | ကရိန်းယာဉ် (၁)ရက်အတွက် | ။ | ၃၀၀၀ဝိ/- |
| ၃ | ဆီသယ်ယာဉ်မြို့တွင်းလမ်းအသုံးပြုခ(၁)နှစ်စာ | | |
| | (၁၆၀၀ဂါလံအောက်)ယာဉ်(၁)စီး တစ်ဂါလံ | | ၂၀ဝိ/- |
| | ၁၆၀၀ဂါလံ | (၁)စီး | ၂၂၅၀၀ဝိ/- |
| | ၂၀၀၀ဂါလံ | ။ | ၂၇၀၀၀ဝိ/- |
| | ၂၄၀၀ဂါလံ | ။ | ၃၀၀၀၀ဝိ/- |
| | ၂၈၀၀ဂါလံ | ။ | ၃၇၅၀၀ဝိ/- |
| | ၃၂၀၀ဂါလံ | ။ | ၄၅၀၀၀ဝိ/- |
| | ၃၂၀၀မှ၅၀၀၀ထိ | ။ | ၈၀၀၀၀ဝိ/- |
| | ၅၀၀၀ဂါလံအထက် | ။ | ၁၅၀၀၀၀ဝိ/- |
| ၄ | မြေသယ်ယာဉ် မြို့တွင်းဝင်/ထွက်ခွင့် | (၁)ကျင်း | ၁၅၀ဝိ/- |
| ၅ | မော်တော်ယာဉ်ဖြင့်ဈေးရောင်းချခွင့် (၁)နှစ်အတွက်(ကားငယ်) | (၁)စီး | ၂၀၀၀၀ဝိ/- |
| | မော်တော်ယာဉ်ဖြင့်ဈေးရောင်းချခွင့် (၁)နှစ်အတွက်(ကားလတ်) | ။ | ၂၅၀၀၀ဝိ/- |

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတို့၏ တိုးမြှင့်ကောက်ခံမည့်နှုန်းထားများ

| စဉ် | အမျိုးအမည် | ကောက်ခံသည့်အမျိုးအစား | တိုးမြှင့်ကောက်ခံမည့်နှုန်းထား | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဆိုင်ကယ် | ဂိတ်ဝင်ကြေး | ၃၀ဝိ/- | |
| ၂ | 600 cm (၁၉ ပေအောက်) | ။ | ၇၀ဝိ/- | |
| ၃ | 601 cm-815 cm (၁၉ ပေမှ၂၆ ပေအောက်ထိ) | ။ | ၁၀၀ဝိ/- | |
| ၄ | 816 cm - 1500 cm(၂၆ ပေမှ ၄၀ ပေထိ) | ။ | ၂၀၀ဝိ/- | |
| ၅ | (၈)ဘီးယာဉ်၊ (၂၂)ဘီးယာဉ် | ။ | ၃၅၀ဝိ/- | |
| ၆ | နိုင်ငံခြားသားဝင်ကြေး | ။ | ၁၀၀၀ဝိ/- | |
| ၇ | 815 cm (၂၆ ပေအောက်) | ညအိပ်ခွန် | ၆၀ဝိ/- | |
| ၈ | 816 cm (၂၆ ပေအထက်) | ။ | ၈၀ဝိ/- | |
| ၉ | ညအိပ်ခွန် (၁ တန်အောက်) | ။ | ၂၅ဝိ/- | |
| ၁၀ | ပြင်ပညအိပ်ခွန် ၄တန် (MDYအတွင်း) | ။ | ၇၀ဝိ/- | |
| ၁၁ | ပြင်ပညအိပ်ခွန် ၄တန် (MDYအပြင်) | ။ | ၈၀ဝိ/- | |
| ၁၂ | ပြင်ပညအိပ်ခွန် ၂၂ဘီး (MDYအတွင်း) | ။ | ၃၀၀ဝိ/- | |
| ၁၃ | ပြင်ပညအိပ်ခွန် ၂၂ဘီး (MDYအပြင်) | ။ | ၃၅၀ဝိ/- | |
| ၁၄ | ဆိုင်ကယ်လပေး | ဆိုင်ကယ်လပေး | ၉၀၀ဝိ/- | |
| ၁၅ | ကားလပေး | ကားလပေး | ၂၁၀၀ဝိ/- | |
| ၁၆ | ပွဲကျဈေးကောက်(အသေး) | ပွဲကျဈေးကောက် | ၅၀ဝိ/- | |
| ၁၇ | ပွဲကျဈေးကောက်(အကြီး) | ။ | ၁၀၀ဝိ/- | |
| ၁၈ | အတည်ပွဲကျဈေးကောက်(အသေး) | ။ | ၁၅၀ဝိ/- | |
| ၁၉ | အတည်ပွဲကျဈေးကောက်(အကြီး) | ။ | ၂၀၀ဝိ/- | |
| ၂၀ | ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း | ပွဲကျဈေးကောက်(သေး) | ၁၀၀ဝိ/- | |
| | | ပွဲကျဈေးကောက်(လတ်) | ၃၀၀ဝိ/- | |
| | | ပွဲကျဈေးကောက်(ကြီး) | ၁၀၀၀ဝိ/- | |

**ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရန်နိုင် အ·ထ·က(ခွဲ) ကျောင်း G-11 တွင် ပညာသင်ကြားနေသော မယမုံနှင်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးထွန်းထွန်းဦး ဖြစ်ပါကြောင်းနှင့် မယမုံနှင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၉-၂၀၀၈ ဖြစ်ပါသည်။

ဦးထွန်းထွန်းဦး(၉/ပဥလ(နိုင်)၀၈၅၂၅၉)

မယမုံနှင်း ၂၀-၉-၂၀၀၈

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၆)၊ ဦးပိုင်အမှတ်(၇၀-ခ)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၂၀လမ်းနှင့် ၁၂၁လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးမြင့်ကို ကွယ်လွန်၍ ကျန်ရစ်သော ဇနီး ဒေါ်ခင်စန်းဝင်း (၉/မနတ(နိုင်)၀၇၈၁၃၄)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၀)၊ ဦးပိုင်အမှတ်(၁)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားရှိ ဦးရင်ချောက်(ပါ-၃)ဦး အမည်ပေါက် ဂရန်မြေကွက်အား သား ဦးမြမောင်၊ သား ဦးအပ်ဆိုက်၊ သား ဦးအောင်အောင်တို့ ကွယ်လွန်၍ မိသားစုအမွေစီမံခန့်ခွဲခြင်းစာချုပ်အမှတ်(၂၄၇/၂၀၀၃)ဖြင့် ချုပ်ဆိုခဲ့ပြီး ၄င်းတို့၏ ဇနီးနှင့် သားသမီးများအား အသီးသီးခွဲဝေပေးအပ်ပြီးနောက် ဖခင် ဦးရင်ချောက်၊ မိခင် ဒေါ်ထုံကိုး တို့ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီးတို့ဖြစ်သော ဒေါ်ခင်သန်းမေ (၁/ကမန(နိုင်)၀၀၂၀၉၀)၊ ဒေါ်ကြည်ကြည်ဝင်း(၁/မကတ(နိုင်)၀၂၉၀၃၂)၊ ဒေါ်မြင့်မြင့်ဝင်း(၁/မကတ(နိုင်)၀၂၉၀၃၃)၊ ဦးစိန်ထွန်း(၁/ကမန(နိုင်)၀၁၁၃၄၆)၊ ဒေါ်နန်းကြူကြူထွေး(၁/ကမန(နိုင်)၀၀၀၀၄၁)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်(ဥယျာဉ်တန်း-ဂ)၊ဦးပိုင်အမှတ်(၁၆)၊ မြေကွက်ပေါ်တွင် ဒေါ်စန်းစန်းလှိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁/ဗမန(နိုင်)၀၁၃၁၂၀)က RC-၃ ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

အဆောက်အအုံနှင့်ကုန်ရုံဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## "အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၃)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်မင်းမင်းစိုးအမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ဆုဝေ(အဘ)ဦးကြည်ဝင်း(၅/ဝလန (နိုင်)၀၉၉၄၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက်၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နှင်းလဲ့ရည်**(LL.B,LL.M) | **ဒေါ်သွယ်ဆက်ပိုင်**(LL.B) |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**၁၂၈ လမ်းနှင့် ၅၃ လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၈၅၈၅၈၄၆၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်နံပါတ်(၅၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးမင်းမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်လင်း(ဘ)ဦးစိန်ဝင်း(၅/ဟမလ(နိုင်)၀၆၂၅၆၅)(၎င်း၏ကိုယ်စား ဦးကျော်ကျော်ထွန်း(ဘ)ဦးတင်ရွှေ၊ ၅/ရဘန(နိုင်)၁၃၄၅၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးစုထွန်း**(LL.B,LL.M,DBL) | **ဒေါ်မာမာဌေး**(LL.B) |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၅၄ လမ်း၊ ၁၁၂ လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၉)၊ ဦးပိုင်အမှတ်(၈၅)၊ မြေဧရိယာ(၀ ဒသမ ၀၈၉၇)ဧက၊ ဦးပိုင်အမှတ်(၈၇-ခ)၊ မြေဧရိယာ(၀ ဒသမ ၀၆၂၃)ဧက၊ ဦးပိုင်အမှတ်(၈၈-က)၊ မြေဧရိယာ(၀ ဒသမ ၀၀၈၇)ဧက၊ ဦးပိုင်အမှတ်(၉၁-င)၊ မြေဧရိယာ(၀ ဒသမ ၀၂၃၅)ဧကအကျယ်အဝန်းရှိ ဒေါ်သန်းကြည် အမည်ပေါက် မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦးများကို ကျွန်ုပ်မိတ်ဆွေက ဝယ်ယူပြီးဖြစ်၍ ရောင်းချပိုင်ခွင့်ရှိသူထံသို့ ရောင်းကြေးငွေအပြေအကြေကို ပေးချေထားပြီးဖြစ်သဖြင့် သက်ဆိုင်သူများက ခိုင်လုံသောအထောက်အထား၊ တရားရုံးအမိန့် ဒီကရီများနှင့်တကွ ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ပိုင်ဆိုင်မှုအထောက်အထားမရှိပဲ မမှန်မကန် ကန့်ကွက်ပါက ကန့်ကွက်သူများအား တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဖြိုးမင်းဦး** | **ဦးစင်မင်းထက်** |
| **(စဥ်-၁၆၁၃၀/ ၂၀၁၉)** | **(စဥ်-၁၈၆၃၄/ ၂၀၂၃)** |
| **ဖုန်း ၀၉-၄၀၀၄၂၀၀၆၃** | **ဖုန်း ၀၉-၄၀၁၅၀၃၅၁၀** |

**တရားလွှတ်တော်ရှေ့နေများ**

## "အများသိစေရန် ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ်(၆၁၆/၁)၊ ဦးပိုင်အမှတ်(၁၃) နှင့် ဦးပိုင်အမှတ်(၁၈)အတွင်းရှိ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော (၁)ဒေါ်စန်းစန်းဝေ(ဘ)ဦးရွှေသောင်း(၉/အမရ(နိုင်)၀၆၂၇၀၃)၊ (၂) ဦးတင်ထွဋ်(ဘ)ဦးရွှေသောင်း(၉/အမရ(နိုင်)၀၇၈၇၉၅)၊ (၃)ဒေါ်ကြည်ဝေ(ဘ)ဦးရွှေသောင်း(၉/အမရ(နိုင်) ၀၈၃၄၉၃)တို့ အနေဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူပြီးဖြစ်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့တင်ပြ၍ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲသူရ**(LL.B)

**တရားလွှတ်တော်ရှေ့နေ**

**ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၁၆၆၀၅၆၀၊ ၀၉-၉၆၉၁၇၈၆၇၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၁၂၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မိုးနီနီမာ(ဘ)ဦးဘကြည်(၉/မနမ(နိုင်)၀၉၉၂၉၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| **ဦးရဲဝင်း (LL.B)** | **ဦးပြည့်ကိုကို (LL.B)** | **ဒေါ်မြင့်မြင့်အေး (LL.M)** | **ဒေါ်ချောစု (LL.B)** | **ဦးဝင်းမောင် (LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၂)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကြည်အေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မီမီအောင်(ဘ)ဦးဌေး(၉/မဟမ(နိုင်)၀၂၁၂၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)** | **ဒေါ်အိအိမွန်(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင်(LL.M)** | **ဦးဖြိုးသာစန့် (LL.B)** | **ဦးစည်သူအောင်(LL.B)** | **ဒေါ်သဲမို့မို့ထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၅)၊ ဦးပိုင်အမှတ်(၅၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးဖုန်းမြင့် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိကဝယ်ယူပိုင်ဆိုင်ခဲ့၍၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ဇာဝေ(အဘ)ဦးမာတန်(၁/မကတ(နိုင်)၁၃၀၁၈၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးခိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ (၁၀၉လမ်းမှဝင်ရမည်)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၁၈ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြားနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောမြင့်(ဘ)ဦးရွတ်ဆိုင်းရီ(၁/မကန(နိုင်)၀၀၈၈၃၂)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်၊ အကွက်အမှတ်(၉၉)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၁၇၂၀)ဧက အကျယ်အဝန်းရှိ ဦးခင်ဌေး အမည်ပေါက်ဘိုးဘပိုင်မြေကွက်၏ အနောက်ဘက်ခြမ်း၊ ဧရိယာ(၁၆ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်လှဲ့လှဲ့လင်း(ဘ)ဦးနိုးတူး(၉/မနမ(နိုင်)၁၂၁၆၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောမြင့်(၁/မကန(နိုင်)၀၀၈၈၃၂)က ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** |
| **ဒေါ်စောမြင့်(ဘ)ဦးရွတ်ဆိုင်းရီ** | **ဒေါ်ခင်မာဝင်း(ခ)မခင်လေး**(LL.B,D.I.L) |
| **(၁/မကန(နိုင်)၀၀၈၈၃၂)** | **တရားလွှတ်တော်ရှေ့နေ** |
| | **၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ ၈၁ လမ်း၊** |
| | **အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း ၀၉-၄၄၀၁၇၅၃၅၊ ၀၉-၇၇၈၂၀၆၈၄၂** |

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၂၀၅ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ

စာမျက်နှာ ၆ သို့ ☆



တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ အလုံး ၇၀ ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၈

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့်အဆောက်အအုံ အလုံး ၂၀ အနက် ခြောက်ထပ်အဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်းအလုံး ၇၀ အား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ခုနစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်ခြောက်ထပ်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးပြီးစီးစဉ်။

## မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း နည်းပြချုပ်သစ် ယွန်အန်ဒါဆင်ကို တရားဝင်ခန့်အပ်

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း နည်းပြချုပ်သစ်အဖြစ် နော်ဝေနိုင်ငံသား ယွန်အန်ဒါဆင်ကို ခန့်အပ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မစ္စတာယွန်အန်ဒါဆင်ကို တရားဝင်ခန့်အပ်သည့် သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပသည်။

ယွန်အန်ဒါဆင်သည် နည်းပြဘဝတွင် ဂျာမန်ကလပ် FSV Mainz 05 ကို Bundesliga သို့ တန်းတက်အောင် စွမ်းဆောင်ပေးခဲ့သည်။ မြောက်ကိုရီးယားလက်ရွေးစင်အသင်း၏ ပထမဆုံး နိုင်ငံခြားသားနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ နိုင်ငံတကာပြိုင်ပွဲများတွင် အသင်းကို ဦးဆောင်နိုင်သည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဟောင်ကောင်လက်ရွေးစင်အသင်းကို ကိုင်တွယ်ခဲ့ရာတွင် AFC Asian Cup 2023 သို့ နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့သည်။ ထို့အပြင် အာရှဂိမ်းပြိုင်ပွဲတွင် အီရန်ကိုနိုင်ပြီး သမိုင်းတစ်လျှောက် ပထမဆုံး ဆီမီးဖိုင်နယ် ပို့ဆောင်ခဲ့သလို၊ ၃၉ နှစ်အတွင်း တရုတ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ပထမဆုံးအကြိမ် ပြန်လည်အနိုင်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ နည်းပြဘဝတစ်လျှောက် ပြိုင်ပွဲစုစုပေါင်း ၂၇၈ ပွဲ ကို ကိုင်တွယ်ခဲ့ပြီး နိုင်ပွဲ ၁၁၁ ပွဲ၊ သရေ ၆၃ ပွဲနှင့် ရှုံးပွဲ ၁၀၄ ပွဲ ရရှိထားကာ နိုင်ပွဲရာခိုင်နှုန်း ၃၉.၉၃ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယွန်အန်ဒါဆင်ကို အာရှဘောလုံးလောကအပေါ် အကျွမ်းတဝင်ရှိမှု၊ နိုင်ငံတကာအတွေ့အကြုံနှင့် အသင်းတည်ဆောက်နိုင်စွမ်းရှိမှုတို့အပေါ် အသိအမှတ်ပြုကာ ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး၊ မြန်မာ့ဘောလုံးအဆင့်အတန်းမြှင့်တင်ရေးနှင့် နိုင်ငံတကာ အောင်မြင်မှုများ ရရှိစေရန် ဦးဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

(NGB)

0-0-0-0-0

